မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တောင်သူ ပညာပေးလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဖော်ဆောင် စပါးစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် သုတေသနလုပ်ငန်းများ ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဇေယျာသီရိ မြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အထူး အထွက်တိုးစပါးမျိုးစေ့ထုတ် ဧက (၁၀၀) သုတေ သန စိုက်ခင်း၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ များ၊ စိုက်ပျိုးရေးပညာရှင်များအား ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဖိုးနိကြီးကွင်း ဟက်တာ(၂၀) စက်မှုလယ်ယာစနစ် ပညာပေးစိုက်ခင်းသို့ ရောက်ရှိရာ စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ဂျွန်ဒီယားထွန်စက်ကြီး ငါးစီး၊ လက်တွန်းထွန်စက်အစီး ၂၀ နှင့် မြေညှိစက် တစ်စီး တို့ကို အသုံးပြုပြီး ခေတ်မီမြေပြုပြင်စက်ကိရိယာများဖြင့် ၂ ဒသမ ၄၇ ဧကနှင့် ညီမျှသော (၁) ဟက်တာကွက် စုစုပေါင်းအကွက် ၂၀ ဖော်ထုတ် အကောင်အထည်ဖော်နေမှုနှင့် ဩဂုတ်လကုန်အပြီး အကောင်အထည် ဖော်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ယန္တရားကြီးများဖြင့် အသုံးပြုမြေပြုပြင်ခြင်း ကုန်ကျစရိတ်၊ စက်သုံးဆီအပါအဝင်မှတ်တမ်း ထားရှိရန်၊ မိုးစပါးကို ရာသီအချိန်မီ စက်တင်ဘာလအပြီး စိုက်ပျိုး အကောင်အထည်ဖော်ရန် မှာကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ တောင်သူ ပညာပေး အထူးအထွက်တိုး စပါးဧက ၄၀ စိုက်ခင်းအနီးသို့ ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စပ်မျိုးစပါးထုတ်လုပ်ရာတွင် အဓိကထုတ်လုပ်သည့် အဖိုလိုင်း (R)လိုင်း (၁)ဟက်တာကွက်၌ သိပ္ပံနည်းကျ စာမျက်နှာ ၃ ကော်လံ ၅ ◆

ကျေးလက်ဒေသဖွံ့ဖြိုးရေး ရတနာတိုးစပါးစိုက်ပျိုးကြမည်

သတင်းဆောင်းပါး ➢ ဖေထွန်းဇော်(ရေစကြို)

မှတ်တမ်းဓာတ်ပုံ ➢ ဖေထွန်းလှ

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရတနာတိုးစပါးပျိုးပေါင်များကို ဤသို့ တွေ့ရသည်။

ရေစကြို ဩဂုတ် ၂၈

နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလျက်ရှိသည်။ လယ်ယာသီးနှံအထွက်တိုးပါမှ စားနပ်ရိက္ခာ ဖူလုံပိုလျှံမည့်အပြင် ပြည်ပသို့တင်ပို့ခြင်းဖြင့်လည်း နိုင်ငံ့စီးပွားကို ပိုမိုတိုးတက်စေမည်ဖြစ်သည်။ ယခုအခါ အဓိက စိုက်ပျိုးသီးနှံဖြစ်သော စပါးသီးနှံစိုက်ပျိုးရာတွင် တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ အချက် (၁၄)ချက်နှင့်အညီ စိုက်ပျိုးနေကြပြီ ဖြစ်သည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။

ပြောင်းလဲစိုက်ပျိုး

ယခုအခါ နိုင်ငံတစ်ဝန်းတွင် အထွက်တိုးစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော စပါးမျိုးများအပြင် အထွက်တိုးစပါးမျိုးဖြစ်သည့် ရတနာတိုးမျိုးစိတ်သစ်တစ်မျိုးကို ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်းသိရှိရသဖြင့် စာရေးသူ ရေစကြိုမြို့သို့ ခရီးနှင်ခဲ့သည်။ စာမျက်နှာ ၇ ကော်လံ ၁ ❐

၂၀၁၁ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၈

၁။ ၂၀၁၁ခုနှစ် မိုးနှောင်းကာလသည် ခရစ်သက္ကရာဇ် ၂၀၁၁ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ် တော်သလင်းလဆန်း ၄ ရက်နေ့)မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်နေ့အထိ ဖြစ်သည်။

မုတ်သုံလေဆုတ်ခွာသည့်အခြေအနေ

၂။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာ ရှိသည်။

(က) ၂၀၁၁ခုနှစ် စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊

(ခ) ၂၀၁၁ခုနှစ် စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊

(ဂ) ၂၀၁၁ခုနှစ် အောက်တိုဘာလ ပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာ ရှိသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၃။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

မိုးအခြေအနေ

၄။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။ စာမျက်နှာ ၈ ကော်လံ ၃ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၂၉ ရက်)

လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ခုနှင့်တစ်ခုကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အညီ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ပေါင်းကူးဆက်သွယ်မှု သွားလာမှု လွယ်ကူခြင်းကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းစေသည်။

နိုင်ငံအဝန်းတံတားများ တစ်စင်းပြီးတစ်စင်း တိုးတက်တည်ဆောက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းပေါ်ရှိ နဂါးပေါက်တံတားကို ဩဂုတ်လ ၂၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀ အထက် ငါးစင်းမြောက် ဖွင့်လှစ်ခဲ့သော တံတားဖြစ်သည်။

နဂါးပေါက်တံတားသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ဒိုက်ဦးမြို့မှ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းရှိ စစ်တောင်းကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဖြတ်လမ်းပေါ်တွင်တည်ရှိပြီး ယခင်လမ်းကြောင်းမှာ ၄၆ မိုင် ကွာဝေးသည်။ ယခုအသစ်တည်ဆောက်ပေးသည့် တံတားကြောင့် ဒိုက်ဦးမှ စစ်တောင်းသို့ ဖြတ်လမ်းမှသွားပါက ၂၁ မိုင် ၆ဖာလုံသာဝေးပြီး ၂၄ မိုင် ၂ ဖာလုံ သက်သာသွားပြီ ဖြစ်သည်။

ယင်းနဂါးပေါက်တံတားကြောင့် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းသို့လည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသို့လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်နွယ်ဖောက်လုပ်ထားသည့်လမ်းများမှ တစ်ဆင့်သွားလာနိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာမည်ဖြစ်သည်။

ကုန်စည်စီးဆင်းမှု လျင်မြန်စွာဆောင်ရွက်နိုင်သည်နှင့်အညီ ဒေသထွက်ကုန်များကို အပြန်အလှန် ရောင်းဝယ်ဖောက်ကားနိုင်သဖြင့် ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နဂါးပေါက်တံတားသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်သည် (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

တစ်ချိန်က တော၊ တောင်၊ မြစ်ချောင်းများ ကာဆီးနေမှုကြောင့် အနေနီးသော်လည်း ခရီးဝေးခဲ့ရသော ဒေသများသည် ယနေ့အခါ သဘာဝ၏အတားအဆီးများကို ဖြတ်ကျော်၍ လမ်း၊ တံတားများဖောက်လုပ်နိုင်မှုကြောင့် မြန်မာနိုင်ငံမြောက်ဘက်ဖျား ပူတာအိုမှ တောင်ဘက်ဖျား ကော့သောင်းမြို့အထိလည်းကောင်း၊ အရှေ့ဖျား ကျိုင်းတုံမြို့မှ အနောက်ဘက် စစ်တွေမြို့အထိလည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ တည်ရှိပြီးသော လမ်း၊ တံတားများကို သားစဉ်မြေးဆက် အမွေဆက်ခံနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဂျပန်ယန်းငွေ ၃၀၈ သန်း တန်ဖိုးရှိ တီဘီဆေးများ ဂျပန်အစိုးရနှင့် ပြည်သူများက လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံက ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့ကို ဆောက်လုပ်လှူဒါန်းခြင်း၊ ရောဂါနှိမ်နင်းရေးအတွက် အနာကြီးရောဂါကင်းစင်သည်အထိ ဆေးဝါးများလှူဒါန်းခြင်းနှင့် တစ်ပြည်လုံးရှိ သွေးသွင်းလူနာများအတွက် သန့်ရှင်းသော သွေးရရှိရန် HIV Test Kits များ လှူဒါန်းခဲ့သည်။

ထို့အပြင် မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ Japanese Grant Aid (JGA) " Project for the Equipment Provision for the National Tuberculosis Programme " မှ တီဘီဆေးများ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မြန်မာနိုင်ငံရှိ ငှက်ဖျားရောဂါ လူနာများအတွက် တစ်နှစ်စာငှက်ဖျားဆေးများ လှူဒါန်းခြင်းနှင့် တီဘီရောဂါလူနာ ၁၃၀၀၀၀အတွက် တစ်နှစ်စာ တီဘီဆေးများ လှူဒါန်းခြင်းတို့အတွက် ဂုဏ်ယူပါကြောင်းနှင့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Takashi SAITO က ကျန်းမာရေးဝန်ကြီးဌာနသို့ တီဘီဆေးများ လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် အကြောင်းရင်းများကို ရှင်းလင်းတင်ပြပြီး ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများကိုယ်စား ဂျပန်ယန်းငွေ ၃၀၈ သန်း တန်ဖိုးရှိ တစ်နှစ်စာ တီဘီဆေးများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကျင်မြို့နယ်၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ရွှေကျင် ဩဂုတ် ၂၈

ရွှေကျင်မြို့နယ် အောက်မဲဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးသိန်းကို၊ မြို့နယ်ပညာရေးမှူး ဦးအုန်းမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစလီပန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် အလှူရှင်များက ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များလှူဒါန်းသည်။ ဆက်လက်ပြီး ပညာရည်ချွန်ဆုရ ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာကြီး ဦးသောင်းဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်း အဆင့်မြှင့်တိုးချဲ့လျက်ရှိ လုပ်ငန်းများပြီးစီးပါက အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၄၁ စင်းရှိလာမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်ဆိပ်ကမ်းနယ်မြေနှင့် သီလဝါဆိပ်ကမ်းနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယနေ့ ရန်ကုန်ဆိပ်ကမ်းနယ်မြေတွင် အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၁၇စင်း၊ သီလဝါဆိပ်ကမ်းနယ်မြေတွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားခြောက်စင်း စုစုပေါင်း အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂၃ စင်းရှိပြီး နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ ကုန်တင်၊ ကုန်ချ ဆောင်ရွက်နိုင်ကာ တစ်နှစ်လျှင် အများဆုံးကုန်တန်ချိန် သန်း ၂၀ခန့်ကို ကိုင်တွယ်နိုင်သည်။

တစ်ပြိုင်တည်းဆိုက်ကပ်

ယခုအခါ ဆိပ်ကမ်းအဆင့်မြှင့်တိုးချဲ့သည့်လုပ်ငန်းနှင့် ရေလမ်းကြောင်း ရှင်းလင်းသည့်လုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းပြီးစီးပါက အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၄၁ စင်းရှိလာမည်ဖြစ်ပြီး နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီး ၄၃ စင်း တစ်ပြိုင်တည်းဆိုက်ကပ်၍ ကုန်တင်၊ ကုန်ချပြုလုပ်နိုင်မည်ဖြစ်ကာ တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၁၀၀ ခန့်အထိ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ကိုချစ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဖျာပုံမြို့နယ်၌ ငွေများထုတ်ချေး

ဖျာပုံ ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကော်မတီ၏ ကြီးကြပ်မှုအောက်ရှိ အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ကျုံတူကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းအဖြစ် ငွေထုတ်ချေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

ထုတ်ချေးခဲ့

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ချောင်းတွင်းကျေးရွာတွင် အဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ဝင် ၅၀ အား ငွေကျပ် ၁၅ သိန်း ထုတ်ချေးခဲ့ကြောင်းနှင့် အလားတူ ဖျာပုံမြို့နယ် ကျုံတူကျေးရွာတွင်လည်း အဖွဲ့ ၁၀ ဖွဲ့မှ အဖွဲ့ဝင် ၅၀ အား ငွေကျပ် ၁၅သိန်း စုစုပေါင်း ငွေကျပ်သိန်း ၃၀ ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သဘာဝလယ်ကွင်းများအတွင်း ပွင့်ဖြူ၌ ငါးရှဉ့်မျိုးစိုက်ထည့်

ပွင့်ဖြူ ဩဂုတ် ၂၈

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းအနီးရှိ သဘာဝလယ်ကွင်းများတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ရေနေသယံဇာတများ ပေါကြွယ်ဝစေရေးနှင့် ငါးရှဉ့်မျိုး မပြုန်းတီးစေရေးအတွက် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက လုံးပတ် ၃ စင်တီမီတာအောက် ငါးရှဉ့်များအား မျိုးစိုက်ထည့်ပေးခြင်း အခမ်းအနား ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝလယ်ကွင်းများအတွင်းသို့ ငါးရှဉ့်ကောင်ရေ ငါးသောင်းခန့်အား မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မိုးကောင်း ဩဂုတ် ၂၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးရဲစခန်းမှ တာဝန်ရှိသူများသည် ဩဂုတ် ၂၃ ရက်က တနိုင်းဘက်မှ မြစ်ကြီးနားဘက်သို့ ဇော်တောင်ဆိုသူစီးနင်းလာသည့် ၁၂၅ Kenbo အနက်ရောင်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ရှေ့ ကယ်ရီယာ၌ညှပ်လျက် မြွေအရေခွံအိတ်ဖြင့် ထည့်ထားသော အဝတ်ဘိန်း (အဆင့်နိမ့်ဘိန်း)ဟုယူဆရသည့် အထုပ် ၁၄ ထုပ် စုစုပေါင်းအလေးချိန် ၁ ဒသမ ၆၃၃ ကီလိုဂရမ်တွေ့ရှိသိမ်းဆည်းရမိသဖြင့် ပုန်ခုန်းရပ်ကွက် တနိုင်းမြို့နေသူဇော်တောင် (၃၈)နှစ် (ဘ) ဦးလွတ်တူးအား နမ္မတီးရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၆၂)**

သံဖြူဇရပ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဘုရား၌ ဘုရားသို့ သွားရောက်သည့် နှစ်ထပ်စကြံနတ်လမ်း ပင်လယ်ရေဝန်တိုက်စားမှုကြောင့် သံကူကွန်ကရစ်တိုင်များ ပျက်စီးနေမှုနှင့် စကြံလမ်းအတွင်း ပင်လယ်ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဘုရားဖူးလာပြည်သူများ ရေတက်/ရေကျအချိန်မရွေး သွားလာနိုင်ရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် လက်ရာများ မပျောက်ပျက်စေဘဲ ပြုပြင်ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ကျိုက္ခမီရေလယ်ဘုရား သီရိရတနာခန်းမ ရှင်းလင်းဆောင်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပြိုကျပျက်စီးခဲ့သည့် သီရိဇေယျာခန်းမ အလျားပေ ၁၈၀၊ အကျယ်ပေ ၈၀ Steel Structure အသစ် ဆောက်လုပ်ရေးအတွက် ဆန်းတက်ကုမ္ပဏီမှ ဒါရိုက်တာနှင့် တာဝန်ရှိသူများအား ဘုရားပွဲတော်အချိန်မီပြီးစီးအောင် ဆောက်လုပ်ရေး မှာကြားသည်။

မှာကြား

ထို့နောက် ကျိုက္ခမီတိုက်နယ်ဆေးရုံနှင့် ကျုံကဒတ်အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုပြီး စက်စဲကျေးရွာ စက်စဲကမ်းခြေရှင်းလင်းဆောင်၌ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်စဲကမ်းခြေ သာယာလှပရေးနှင့် ပွင့်လင်းရာသီတွင် အပန်းဖြေသူများ စိတ်အေးသက်သာစွာ အပန်းဖြေနိုင်ရေးအတွက်စီမံဆောင်ရွက်ထားရေး၊ နိုင်ငံခြားသားများပါ လာရောက်အပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်ထားရေး၊ ကမ်းခြေတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးတို့ကို မှာကြားသည်။

ယင်းနောက် သံဖြူဇရပ်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသောလူနာများအားကြည့်ရှုအားပေးကာ ဖျားနာဆောင်နှင့်ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု စစ်တွေမြို့၌ကျင်းပ
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၈

ရခိုင်ပြည်နယ် ၂၀၁၁ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများအဖြစ် ဩဂုတ်လ ပထမရက်သတ္တပတ်တွင် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယရက်သတ္တပတ်တွင် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ တတိယရက်သတ္တပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးနှင့် စတုတ္ထရက်သတ္တပတ်တွင် အိုင်အိုဒင်း ချို့တဲ့ရောဂါများပပျောက်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများ အောင်မြင်ရေးအတွက် နိုင်ငံသားတိုင်းက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အစည်းတို့နှင့် ပူးပေါင်းပြီး အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်းနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးရေး၊ ကလေးသူငယ်အာဟာရဖွံ့ဖြိုးမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး ပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နုနုဇံနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲဆုရရှိကြသူ ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြသည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်သည်တော်များက ကလေးငယ်များအားဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ၊ ဘီဝမ်းဆေးပြားများကို ဖြန့်ဝေပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

သုတေသနစိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သုတေသနမှတ်တမ်း နေ့စဉ်ပြုစုထားရှိရန်နှင့် (R)လိုင်းတွင် (၁)ဟက်တာအထွက်နှုန်းအပါအဝင် ရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိမရှိ စရိုက်လက္ခဏာများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းရန် မှာကြားသည်။

ထိုမှတစ်ဆင့် အထူးအထွက်တိုး စံပြဧက ၄၀ စိုက်ခင်းသို့ ရောက်ရှိ၍ စိုက်ခင်းတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းက သက်တမ်း ၇၃ ရက်ရှိ စပါးစိုက်ခင်းမှ အနှံများ စတင်ထွက်ရှိနေသည်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်မှာကြားပြီး စိုက်ခင်းအတွင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ကြာပင်ကျေးရွာအုပ်စု အောင်သုခကျေးရွာ တောင်သူဦးကြီး ဦးစိုးတင့်နှင့် ကိုးဦးတို့၏ တောင်သူပညာပေး သိပ္ပံနည်းကျ ဧက ၃၀ စိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်နှင့် ဆရာ ဆရာမများက အထူးအထွက်တိုးစပါးမျိုးစေ့ထုတ် ဧက ၁၀၀ သုတေသန စိုက်ခင်းအတွင်း အဖိုလိုင်း R-1, R-2 များစိုက်ပျိုးဆောင်ရွက်ပြီးစီးမှုနှင့် အမလိုင်းAလိုင်းများ ပျိုးထောင်ပြီးစီးမှုတို့ကိုရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် R လိုင်း စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဧက ၁၀၀ စိုက်ခင်း အမလိုင်း A လိုင်းပျိုးခင်း၌ စိုက်ပျိုးရေးပညာရှင် ပါရဂူဘွဲ့ရ ၁၅ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၆ ဦး၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၀ ဦး စုစုပေါင်းပညာရှင် ၄၁ ဦးတို့အား တွေ့ဆုံပြီး မိမိနိုင်ငံ၏ စပါးစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပညာရှင် ဆရာ ဆရာမများအနေဖြင့် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်မှန်းချက်ကြီးမားစွာထားရှိဆောင်ရွက်ကြရန်နှင့် စပ်မျိုးစပါး သုတေသနဧက ၁၀၀စိုက်ခင်း၏ အတွေ့အကြုံများကို စပ်မျိုးစပါးထုတ်လုပ်ရေး နည်းပညာပေးကျမ်းစာတစ်စောင် (Thesis) အဖြစ် ပြည့်စုံအောင် နေ့စဉ်မှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်း၊ ပညာရှင်များ၏ တွေ့ရှိချက်မှတ်တမ်းများဖြင့် စနစ်တကျခိုင်ခံ့စွာ ရေးသားပြုစုသွားရန် ဆွေးနွေးမှာကြားကာ စိုက်ခင်းအတွင်း ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၈-၈-၂၀၁၁

နေပြည်တော်(ရေဆင်း)	၁ ဒသမ ၉၁ လက်မ
ကော့သောင်းမြို့	၄ ဒသမ ၀၆ လက်မ
သိမ်ဇရပ်မြို့	၃ ဒသမ ၃၁ လက်မ
ကိုကိုးကျွန်းမြို့	၃ ဒသမ ၂၂ လက်မ
ညောင်လေးပင်မြို့	၂ ဒသမ ၉၁ လက်မ
မုံရွာမြို့	၁ ဒသမ ၆၉ လက်မ

တောင်ငူမြို့နယ်၌ လယ်ယာဖွံ့ဖြိုးရေး ချေးငွေပေးအပ်

တောင်ငူ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာတွင် လယ်ယာကုန်ထုတ်နှင့် ငွေစုငွေချေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှု ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်၁၇ရက်တွင်ကျင်းပရာ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးဦးတင်စိုးက တောင်သူအစုအဖွဲ့ ခေါင်းဆောင်အား ချေးငွေပေးအပ်သည်။ **(အပေါ်ပုံ)** လဲဘူးစံပြကျေးရွာရှိ တောင်သူ ၁၄၈ဦးအား တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀နှင့် အစုအဖွဲ့ဝင်များ၏စုငွေမှ လယ်၁၆ဧကအတွက် ငွေကျပ် ၇၂၀၀၀၀ စုစုပေါင်းငွေကျပ် ၄၉၁၈၅၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးရေး မျိုးစပါးဖိုးငွေထောက်ပံ့
မိမိတို့ စပါးသီးနှံတစ်ဧကအထွက်နှုန်းတိုးရေး၊ ဝင်ငွေတိုးတက်ရေး ကြိုးပမ်း
သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် အလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းသည် ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည့် တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးရေးအတွက် မျိုးစပါးဖိုးငွေထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ တောင်သူများအားမျိုးစပါးဖိုးငွေများကို ပေးအပ်သည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ရွှေဘိုမြို့နယ် ရန်ကြီးအောင်ခန်းမ၌ ကျင်းပသော မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လယ်ယာသုံးပစ္စည်း၊ စိုက်ပျိုးစရိတ် ချေးငွေထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း (၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် အဓိကသော့ချက် (၅)ချက်ဖြစ်သော အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ အသုံးပြုရေး၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေး၊ သွင်းအားစု၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရေး၊ မျိုးစေ့၊ သွင်းအားစု အပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

သို့မှသာ သီးနှံတစ်ဧက အထွက်နှုန်းတိုး၍ ကျေးလက်နေ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် တောင်သူလယ်သမားများ စိုက်ပျိုးရေးအတွက် အခက်အခဲမရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မျိုးစပါးအတွက် ထောက်ပံ့ငွေများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လယ်ယာသုံးပစ္စည်းများ၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါထောက်ပံ့ငွေ၊ ထောက်ပံ့ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့ စပါးသီးနှံတစ်ဧက အထွက်နှုန်းတိုးရေး၊ ဝင်ငွေတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိန်မောင်းက ဇေယျာပဒေသာ ဖောင်ဒေးရှင်းကိုထူထောင်ပြီး လယ်သမားများ၊ လက်လုပ်လက်စားများ လုပ်ငန်းဆောင်ရွက်နိုင်ရေး ကူညီပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲရာတွင် သတိထားလိုက်နာရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိုးစပါးစိုက် တောင်သူလယ်သမား ၅၁ဦးအား မျိုးစပါးအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီးက ကျေးရွာအုပ်စုအလိုက် တောင်သူများထံ လယ်ယာသုံးပစ္စည်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တောင်သူ ဦးတင် စိုက်ပျိုးထားသော ရွှေဝါထွန်းစပါးမျိုး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ချီပါရွာရှိ တောင်သူ ဦးတင်အောင်ချို၏ ရွှေဘိုပေါ်ဆန်း စပါးမျိုးစိုက်ခင်း၌ တောင်သူများနှင့်တွေ့ဆုံကာ ခေတ်မီစက်မှုလယ်ယာစနစ် ထူထောင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ဆိပ်ခွန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ တက်ရောက်လာကြသော တောင်သူများက စပါးစိုက်ပျိုးရေးတွင် တွေ့ကြုံရသော အခက်အခဲများကို တင်ပြကြပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးနည်းပညာများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ရရှိရေးကိစ္စများကို ကူညီဖြေရှင်းပေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ခေတ်မီစက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ရေးကို ရှင်းလင်းပြသသည်။

ထို့နောက်ဒုတိယဝန်ကြီးက တောင်သူလယ်သမားများအား နေပြည်တော်၌ အကောင်အထည်ဖော် ဆောင်ရွက်နေသော ခေတ်မီစက်မှုလယ်ယာစနစ် စံပြစိုက်ခင်းသို့ လာရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ရွှေဘိုမြို့နယ် တောင်သူတစ်ဦးအား မျိုးစပါးအတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့၌ သားငယ်နှင့် ကိုယ်ဝန်ဆောင်မိခင် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

ရန်ကုန် ဩဂုတ် ၂၈

ဩဂုတ် ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ နှစ်နှစ်အရွယ်သားနှင့် ကိုယ်ဝန်ဆောင်မိခင်တို့ ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာအသက်နှစ်နှစ်အရွယ်ရှိကလေးငယ်သည် ယင်းနေ့ညပိုင်းတွင် နေအိမ်အိပ်ခန်းအတွင်း ဓာတ်အားစီးဝင်နေသည့် မီးကြိုးခွေပလပ်ပေါက်အတွင်း မီးဖိုက္ကိုင်ကြိုးအလွတ်ကို ထည့်မိရာမှ ဓာတ်လိုက်ခြင်းဖြစ်ပြီး သားငယ်ကိုဝင်ဆွဲသည့် မိခင်ဖြစ်သူပါ ဓာတ်လိုက်သေဆုံးခဲ့ရခြင်းဖြစ်သည်။ သေဆုံးသည့် မိခင်မှာ အသက် ၂၉နှစ်အရွယ်ရှိပြီး ကိုယ်ဝန်ဆောင်တစ်ဦးဖြစ်ကာ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မွေးဖွားမည်ဟု ရက်ချိန်းပေးထားခြင်းခံရသူဖြစ်ကြောင်း သိရသည်။

သတိမမူသဖြင့် မတော်တဆမှုမှတစ်ဆင့် နှစ်နှစ်အရွယ်ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်တို့ ဝမ်းနည်းကြေကွဲဖွယ် သေဆုံးခဲ့ခြင်းဖြစ်ရာ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျ သတိရှိရှိဖြင့် သုံးစွဲကြရန်လိုအပ်သကဲ့သို့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသည့်နေရာများတွင် ထားရှိကြရန်လိုကြောင်း လျှပ်စစ်ဓာတ်အားအသုံးပြုသူများ သတိပြုဆင်ခြင်ဖွယ်ရာ တင်ပြလိုက်ရပါသည်။ **(ဝင်းဝင်းမော်-သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

အီရန်၏ ပထမဦးဆုံး ပြည်တွင်းထုတ်လေယာဉ်

တီဟီရန် ဩဂုတ် ၂၈

အီရန်နိုင်ငံက ပြည်တွင်းလုပ် ပထမဆုံးခရီးသည်တင် လေယာဉ်ကို မကြာမီကာလအတွင်း အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အီရန်နိုင်ငံ မီဟာသတင်းဌာနက ဩဂုတ် ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဝပုံ)**

ပြောကြား

၎င်းခရီးသည်တင် လေယာဉ်သည် ခရီးသည် ၁၀၀ စီးနင်းနိုင်ပြီး လာမည့်အောက်တိုဘာလတွင် စတင်စမ်းသပ်ပျံသန်းနိုင်မည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏ လေကြောင်းပျံသန်းရေးဆိုင်ရာ အောင်မြင်မှုတစ်ခုဖြစ်ကြောင်း အီရန်စစ်ဘက်လေယာဉ်များ တည်ဆောက်ထုတ်လုပ်ရေးလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဖြစ်သည့် မန်နိုချီဟာမင်တီကီက ပြောကြားသည်။

ရည်မှန်းထား

အီရန်နိုင်ငံ၏ လေယာဉ်ထုတ်လုပ်မှုကို လာမည့် ၁၀ နှစ်တာကာလအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ပြုလုပ်သွားရန် ရည်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တောင်ကိုရီးယား၌ အထည်အလိပ်စက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား လူငါးဦးသေဆုံး

ဆိုးလ် ဩဂုတ် ၂၈

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းတွင်ရှိသည့် အထည်အလိပ်စက်ရုံတစ်ရုံ၌ ဩဂုတ် ၂၈ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး နှစ်ဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။

နိုသာဂျီအွန်းဆန်းပြည်နယ်၏ စက်မှုမြို့ဖြစ်သည့် ဂူမင်မြို့အတွင်းရှိ အထည်အလိပ်စက်ရုံတွင် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်၌ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းဌာန၌ ဖော်ပြထားသည်။ **(ယာပုံ)**

ပြောကြား

စက်ရုံအတွင်းရှိ သုံးထပ်အဆောက်အအုံ၏ ဓာတ်ခွဲခန်းမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကာ ဒုတိယထပ်နှင့် တတိယထပ်များသို့ မီးကူးစက်လောင်ကျွမ်းရာ အဆိပ်ငွေ့များနှင့် မီးခိုးလုံးကြီးများ ထွက်ရှိနေခဲ့သည်။ မီးသတ်ယာဉ် ၂၆စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၁၀ ခန့်ဖြင့် မီးကို နှစ်နာရီကြာ ငြိမ်းသတ်ခဲ့ရကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ယူဆထား

မီးလောင်မှုဖြစ်ပွားချိန်၌ လူခုနစ်ဦးသာ ယင်းအဆောက်အအုံအတွင်းရှိနေကြောင်း၊ မီးလောင်ရခြင်း အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ပြီး မီးလောင်လွယ်သည့် ဓာတုဒြပ်စင်များဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာမှ ပေါက်ကွဲမှုဖြစ်မည်ဟု ရဲတပ်ဖွဲ့က ယူဆထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ငံတကာသတင်းအတိုအထွာ ၂၈-၈-၂၀၁၁

တင်မောင်လွင် – စုစည်းသည်

ဂျပန်၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွား

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့အပါအဝင် ကန်ကီဒေသ၌ ဩဂုတ် ၂၇ရက် နေ့လယ်ပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်တော်ယာဉ်များနှင့် နေအိမ်အချို့ ရေလွှမ်းခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အိုဆာကာမြို့တွင် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီ ၈ မိနစ်အထိ မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး မီကိုမြို့ ဟိုဂိုစီရင်စုတွင် မိုးရေချိန် ၅၄ မီလီမီတာအထိ ရွာသွန်းခဲ့သည်။ ၎င်းမိုးရေချိန်သည် ဩဂုတ်လတွင် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ကြောင်း အိုဆာကာမြို့ မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားသည်။ (အင်တာနက်)

မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း အိုနိုဂိုဘီပြည်နယ်တွင် ဩဂုတ် ၂၇ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း ဒေသဆိုင်ရာ မီဒီယာများက ပြောကြားသည်။ အဆိုပါ မြေငလျင်သည် မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်းမြို့ဖြစ်သော အိုနိုဂိုဘီပြည်နယ်ရှိ ဒယ်လန်ဇဂတ်မြို့၌ ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန် ၁၈ နာရီ ၂၉မိနစ်က လှုပ်ခတ်သွားခြင်းဖြစ်သည်။ ယင်းငလျင်လှုပ်မှုကြောင့် နေအိမ်နှင့်အဆောက်အအုံများမှ ပြတင်းပေါက်များနှင့် နံရံများ အစိတ်စိတ်အမြွှာမြွှာဖြစ်ကာ ပြိုကျပျက်စီးခဲ့သည်။ (အင်တာနက်)

ပါကစ္စတန်၌ အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးသေဆုံး

အယ်လ်ခိုင်ဒါအဖွဲ့၏ အဆင့်(၂) ခေါင်းဆောင်တစ်ဦးဖြစ်သူ အတီယာ အက်ဒါရာမန်သည် ပါကစ္စတန်နိုင်ငံတွင် သေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ဩဂုတ် ၂၇ ရက်၌ ပြောကြားသည်။ ယင်းနေ့က ပါကစ္စတန်တာလီဘန် လက်နက်ကိုင်များ လှုပ်ရှားရာ ဝါဇီရစ္စတန်ပြည်နယ်၌ မောင်းသူမဲ့ လေယာဉ်များ တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

ဆလိုဗေးနီးယား တောင်ပိုင်းတွင် ရထားနှစ်စင်းတိုက်

ဆလိုဗေးနီးယားနိုင်ငံ ဂျက်စီးနစ်ရထားဘူတာရုံအနီးတွင် ဩဂုတ် ၂၆ ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ တိုက်မှုဖြစ်ပွားရာ ခရီးသည် ၃၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့တွင် ဘယ်လ်ဂျီယံနိုင်ငံသားနှစ်ဦးနှင့် ဂျာမနီနိုင်ငံသားသုံးဦးတို့ ပါဝင်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၂၇ ရက်၌ ပြောကြားသည်။ အဆိုပါ ရထားတိုက်မှုသည် လန့်ဘလက်ဂျာနာမြို့၏ အနောက်မြောက်ဘက် ၆၅ ကီလိုမီတာအကွာတွင် ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဖော်ပြသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက်–ရေးသားသည်

လကမ္ဘာလေ့လာရေးယာဉ် နာဆာ စေလွှတ်မည်



ဝါရှင်တန် ဩဂုတ် ၂၈

နာဆာက လကမ္ဘာသို့ လေ့လာရေးအဖွဲ့ စေလွှတ်ရန် စီစဉ်လျက်ရှိရာ ယခုအခါ နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်ပြီးစီးနေပြီဖြစ်ပြီး အာကာသယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ကာနေဗယ်လေတပ်အခြေစိုက်စခန်းမှ လာမည့်စက်တင်ဘာ ၈ရက်၌ လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၈ရက်က သတင်းထုတ်ပြန်သည်။

သတင်းပို့ပေး

အဆိုပါ လလေ့လာရေးခရီးစဉ် အောင်မြင်မှုရရှိစေရန်အတွက် နာဆာသည် ကမ္ဘာမြေအနီးဝေဟင်၌ ကိုးလတာ ကာလအတွင်း ၎င်းအမြွှာအာကာသယာဉ်ဖြင့် စမ်းသပ်ပျံသန်းမှု နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ နာဆာသည် လ၏ပြောင်းလဲမှုဖြစ်စဉ်အပေါ် သိရှိနိုင်ရန်နှင့် လ၏ဗဟိုတွင် ဖြစ်တည်နေမှုအခြေအနေများကို လေ့လာနိုင်ရေးအတွက် ယခုခရီးစဉ်ကို စေလွှတ်ခြင်းဖြစ်သည်။ ယခုစေလွှတ်မည့် အမြွှာအာကာသယာဉ်တွင် GRAIL A နှင့် B အာကာသယာဉ်နှစ်စင်းတို့ပါဝင်ပြီး လပတ်လမ်းကြောင်းအတွင်းသို့ သုံးလခွဲကြာပျံသန်းမည်ဖြစ်သည်။ လပတ်လမ်းကြောင်းအတွင်း ပျံသန်းစဉ် ၎င်းအမြွှာအာကာသယာဉ်မှနေ၍ ပျံသန်းမှုအခြေအနေ၊ လနှင့်အကွာအဝေး အပါအဝင် အခြားသတင်းအချက်အလက်များကို မြေပြင်စခန်းသို့ ရေဒီယိုအချက်ပြစနစ်ဖြင့် ပြန်လည် သတင်းပေးပို့သွားမည်ဖြစ်သည်။

ပိုမိုကျယ်ပြန့်လာ

တစ်ဖန် လပေါ်တွင် ကွဲပြားခြားနားသောနေရာများမှ ဆွဲငင်အား တူညီမှုမရှိသည့်အခြေအနေများ၊ ထိုသို့ဆွဲငင်အားများကြောင့် လ၏မျက်နှာပြင်အနေအထားကျုံ့ခြင်း သို့မဟုတ် ပိုမိုကျယ်ပြန့်လာခြင်းစသည့် အချက်များကိုလည်း သတင်းအချက်အလက်များပေးပို့သွားမည်ဖြစ်သည်။ *(အပေါ်ပုံ) (အင်တာနက်)*

မော်စကို ဩဂုတ် ၂၈

ရုရှားနိုင်ငံ၏ နျူကလီးယား ရေငုပ်သင်္ဘောယူရီဒိုလ်ဂိုရူကီမှ ဩဂုတ် ၂၇ ရက်က ဘူလာဗာအမည်ရှိ ဒုတိယမြောက် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၈ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

၎င်းဘူလာဗာဒုံးကျည်ကို ပင်လယ်ဖြူအတွင်းရှိ ရုရှားနျူကလီးယားရေငုပ်သင်္ဘောမှ ပစိဖိတ်သမုဒ္ဒရာရှိ သတ်မှတ်ထားသော ပစ်မှတ်ကိုတိုက်ရိုက်ထိမှန်အောင် ပစ်ခတ်နိုင်ခဲ့ကြောင်း၊ ဘူလာဗာဒုံးကျည် အဝေးဆုံးပစ်မှတ်ကို ထိမှန်အောင် ပစ်ခတ်နိုင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အဆိုပါ ဘူလာဗာဒုံးကျည်သည် ရုရှားရေတပ်၏ စွမ်းရည်အမြင့်ဆုံး ဒုံးကျည်ဖြစ်ပြီး ဒုံးကျည်ထိပ်ဖူး ၁၀ ခုကို ကီလိုမီတာ ၈၀၀၀ အကွာအဝေးအထိ သယ်ဆောင်သွားနိုင်သည်။ ယခု ဘူလာဗာဒုံးကျည်ကို ပြီးခဲ့သည့် ဇွန် ၂၈ ရက်က ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ထိုသို့ ပစ်လွှတ်ခဲ့သည့် ရုရှားရေငုပ်သင်္ဘောမှာ ယူရီဒိုလ်ဂိုရူကီ ဖြစ်သည်။ **(အင်တာနက်)**

ရုရှားရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည်စမ်းသပ်

[illegible]

ဟန်ကျို့ ဩဂုတ် ၂၈

တရုတ်နိုင်ငံ အရှေ့တရုတ်ပင်လယ်ပြင်တွင် ဩဂုတ် ၂၇ ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနှင့် နိုင်ငံခြားကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ တရုတ်ငါးဖမ်းသမားရှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ရေကြောင်း ဗျူရိုက ဩဂုတ် ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။ ***(ဝဝပုံ)***

ဖြစ်ပွားမှုမှာ ကျဲကျင်းပြည်နယ် အရှေ့ပိုင်း ကျို့ရှန်မြို့ ကမ်းလွန်ပင်လယ်ပြင်၌ ဩဂုတ် ၂၇ ရက် ည ၆နာရီ မိနစ် ၂၀ခန့်က တရုတ်ငါးဖမ်းသင်္ဘောနှင့် ၎င်းကုန်တင်သင်္ဘောတို့ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ငါးဖမ်းသင်္ဘောမှ ငါးဖမ်းသမား ၁၀ဦးအနက် နှစ်ဦးသာ ကယ်ဆယ်နိုင်ခဲ့သည်။ သင်္ဘောနှစ်စင်းတိုက်မိရာသို့ ကျို့ရှန်မြို့ရှိ ရေကြောင်းကယ်ဆယ်ရေးအဖွဲ့က ရေယာဉ်ခြောက်စင်းစေလွှတ်ကာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တိုက်မိသော ကုန်တင်သင်္ဘောမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မှတ်ပုံတင် ထားသည့် သင်္ဘောဖြစ်သည်။ ၎င်းကုန်တင်သင်္ဘောမှာ တရုတ်နိုင်ငံ ဒိုင်ရှန်ကျွန်းမှ ဂျပန်နိုင်ငံ ဖူကူယာမာမြို့သို့ ခုတ်မောင်းလာစဉ် ငါးဖမ်းသင်္ဘောဖြင့် တိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***(အင်တာနက်)***

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေး မန္တလေးမြို့၌ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ပင့်ဆောင်ပူဇော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ရာတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့လည်း ပင့်ဆောင်ပူဇော်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ယခင် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ခဲ့စဉ်က အတွေ့အကြုံများကို ယူ၍ ယခုအကြိမ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ပူဇော်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သော ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းထားပြီးဖြစ်ရာ မိမိတို့ကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များကိုလည်း အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေး လုပ်ငန်းကော်မတီ၊ ပင့်ဆောင်ရေးနှင့်ပြန်ကြားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနရိန္ဒာစာရ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနရိန္ဒာစာရသည် ၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက် (၂၆-၈-၂၀၁၁)ရက် (သောကြာနေ့) ည ၁၀ နာရီ ၆ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနရိန္ဒာစာရ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ မယ်ဇလီတိုင်းကျေးရွာ ခမည်းတော် ဦးကောင်းကင်၊ မယ်တော်ဒေါ်အေးခင်တို့မှ ၁၂၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂)ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့တွင် မယ်ဇလီတိုင်း ကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒာစာရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး ၁၃၀၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ နံနက် ၇ နာရီ ၄၅ မိနစ်အချိန်တွင် သဲကုန်းမြို့နယ်၊ ကြို့ပင်သာကြီးကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တဇိနကို ဥပဇ္ဈာယ်ပြုလျက် မယ်ဇလီတိုင်းကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မယ်ဇလီတိုင်း ကျောင်းတိုက်ဆရာတော်၊ ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်း ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တ(အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယဆရာတော်ဘဒ္ဒန္တတေဇိန္ဒ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောက၊ တတိယဆရာတော် ဘဒ္ဒန္တဥတ္တရာဘိဇ (အဂ္ဂမဟာပဏ္ဍိတ-နိုင်ငံတော် ဩဝါဒါစရိယ)၊ စတုတ္ထဆရာတော် ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ-နိုင်ငံတော်ဩဝါဒါစရိယ)တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၂၅ ခုနှစ်မှစ၍ ကြို့ပင်ကောက်တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ငယ်၊ လတ်၊ ကြီးဆိုင်ရာ စာဝါများနှင့် ဓမ္မာစရိယဆိုင်ရာ စာဝါများကို ပို့ချပေးတော်မူခဲ့ပြီး ကြို့ပင်ကောက်မြို့နယ်၊ ရွှေကျောင်းပဝါရဏာ ဂိုဏ်းကြီး၏ တွဲဖက်အကျိုးတော်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပထမအကြိမ်၊ ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ တာဝန်(၁၀)နှစ်၊ ၁၃၅၂ခုနှစ်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖြစ် တာဝန်ပေးသဖြင့် တတိယအကြိမ်မှစ၍ ဆဋ္ဌမအကြိမ်တိုင်အောင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း ထမ်းဆောင်တော်မူခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်ရာ၌ ဖွဲလုံ့လဝီရိယကြီးမားစွာဖြင့် ဆောင်ရွက်တော်မူခြင်း၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ပိဋကတ္တဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူသောဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၈ (၂၀၀၇) ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၇၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ရက် (၂၆-၈-၂၀၁၁)ရက်(သောကြာနေ့) ည ၁၀ နာရီ ၆ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲ ညောင်ဦးမြို့၌ ကျင်းပ

ညောင်ဦး ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အထက်ညဥ့်အုပ်စု အထက်ညဥ့်ကျေးရွာ တောင်သူဦးဟန်ညွန့်၏ လယ်မြေနှစ်ဧကတွင် ပျိုးသက် ၂၀ ရက်သား ပင်ပွားလေးပင်မှ ငါးပင်ပါ ပျိုးပင် တစ်မြုံ (သို့) ပင်ပွားနှစ်ပင်မှ သုံးပင်ပါ ပျိုးပင် နှစ်မြုံအား တစ်လက်မခွဲအနက်ထက် မပိုစေဘဲ ကောက်ကွက် ၁ ဒသမ ၂ သိန်းမှ ၁ ဒသမ ၅ သိန်းအထိ ဝင်ဆံ့စေရန် ၈´´ × ၆´´(သို့) ၆´´×၆´´ (၁၀)တန်း တစ်တန်းလှပ်၍ ချက်ချင်းနုတ်ပြီး စိုက်ခင်းသို့ ချက်ချင်းပြောင်းရွှေ့စိုက်နည်း သရုပ်ပြပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်နှင့်မြို့နယ် လယ်ယာထွက်ကုန်တိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မှော်ဘီမြို့နယ်၌ ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိသားစုဝင် ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးအေးမင်းမောင်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မမေသူသူဇော် **(အောက်ပုံ)**နှင့် တက္ကသိုလ်ပညာသင် ၁၅ဦး၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် ၁၂ ဦး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် ၂၈၀ တို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၂သိန်းကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လာမည့်နွေရာသီတွင် ရန်ကုန်မြို့နေပြည်သူများ ရေအခက်အခဲမရှိ လုံလောက်စွာ သုံးစွဲနိုင်မည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရေသယံဇာတအရင်းအမြစ်များကို ရှာဖွေ၍ ရန်ကုန်မြို့နေ ပြည်သူများသောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ လှော်ကားကန်မှ နေ့စဉ်ရေဂါလန် ၁၄ သန်း၊ ဂျိုးဖြူကန်မှ နေ့စဉ်ရေဂါလန် ၂၇ သန်း၊ ဖူးကြီးကန်မှ နေ့စဉ်ရေဂါလန် ၄၅ သန်း၊ ငမိုးရိပ် ရေပေးဝေရေးစီမံကိန်းမှ နေ့စဉ်ရေဂါလန် ၄၅ သန်း၊ စက်ရေတွင်းနှင့် ရေပေးဝေရေးစခန်းများမှ နေ့စဉ်ရေဂါလန် ၂၉ သန်း စုစုပေါင်း ရေဂါလန် သန်း ၁၆၀ ကို နေ့စဉ် ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

ယမန်နှစ် မိုးရာသီက လှော်ကားကန်၏ ရေချိန်အမှတ်သည် ၅၁ ပေ ၄ လက်မကျော်၊ ဂျိုးဖြူကန်၏ ရေချိန်အမှတ်သည် ၁၉၇ ပေ ၈ လက်မ၊ ဖူးကြီးကန်၏ ရေချိန်အမှတ်သည် ပေ ၁၁၀ ၂ လက်မသာ အမြင့်ဆုံးရှိခဲ့ပြီး ယခုမိုးရာသီ၌ မိုးရွာသွန်းမှု များပြားသဖြင့် ရေဝင်ရောက်မှုပိုမိုကာ ဩဂုတ်လတွင် လှော်ကားကန်၏ ရေချိန် အမှတ်သည် ၅၇ ပေ ၆ လက်မ၊ ဂျိုးဖြူကန်၏ ရေချိန်အမှတ်သည် ပေ ၂၀၀၊ ၇ လက်မနှင့် ဖူးကြီးကန်၏ ရေချိန်အမှတ်သည် ၁၁၁ ပေ ၇ လက်မသို့ ရောက်ရှိခဲ့ပြီး ရေလှောင်ကန်များ၏ ရေကျော်အမှတ်များသို့ရောက်ရန် အလားအလာကောင်းများ ရှိနေကြောင်းဖြင့် သိရှိရသည်။

သို့ဖြစ်၍ လာမည့်နွေရာသီတွင် ရန်ကုန်မြို့နေ ပြည်သူများ ရေအခက်အခဲမရှိ လုံလောက်စွာသုံးစွဲနိုင်မည်ဖြစ်ကြောင်းဖြင့် ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။ **(သတင်းစဉ်)**

အာမခံလုပ်ငန်းပေါင်း (၄၆)မျိုး အာမခံထားနိုင်

ရန်ကုန် ဩဂုတ် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းပေါင်း (၄၆)မျိုးကို အာမခံထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အာမခံလုပ်ငန်းများမှ ငွေကျပ် သန်းပေါင်း ၂၀၇၀၀ ကျော် ရှာဖွေပေးနိုင်ခဲ့သည့် လုပ်ငန်းဌာနလည်း ဖြစ်သည်။

ပြည်သူလူထုအတွင်းသို့ ထိရောက်သည့် အာမခံအကာအကွယ်အမျိုးမျိုးကို ပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဒေသအသီးသီး၌ အာမခံရုံးများ ဖွင့်လှစ်ထားရှိကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အာမခံလုပ်ငန်းများ ဆောင်ရွက်

မြန်မာ့အာမခံလုပ်ငန်း၏ အာမခံလုပ်ငန်းပေါင်း (၄၆)မျိုးအနက် အသက်အာမခံလုပ်ငန်း၊ မီးအာမခံလုပ်ငန်း၊ ရေကြောင်းပို့ကုန်ပစ္စည်းအာမခံလုပ်ငန်း၊ အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်း လေးမျိုးတွင် ဌာနက ဆောင်ရွက်ပေးသည်သာမက အာမခံကိုယ်စားလှယ်များ ခန့်ထား၍လည်း အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်ရုံး ၃၈ ရုံး ဖွင့်လှစ်၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် အာမခံ ကိုယ်စားလှယ်များထားရှိ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ အာမခံကိုယ်စားလှယ်များအနေဖြင့် အာမခံထားလိုသူများထံ အိမ်တိုင်ရာရောက် သွားရောက်၍ အာမခံလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အာမခံကိုယ်စားလှယ်များမှတစ်ဆင့် အာမခံလုပ်ငန်း လေးမျိုးကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းများပေးခဲ့ကြောင်း၊ ဩဂုတ် ၂၆ ရက်တွင် အာမခံကိုယ်စားလှယ်သင်တန်း အမှတ်စဉ် (၃/၂၀၁၁) ဆင်းပွဲ ကျင်းပနိုင်ခဲ့ကြောင်း၊ သင်တန်းသို့ ၉၂ ဦးတက်ရောက်ခဲ့ကြောင်းဖြင့်လည်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ ပြည်တွင်း လူမှု၊စီးပွားသတင်းပဒေသာ

ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံတွင် မွေးဖွားသည့် သုံးမြွှာပူး

ရန်ကုန် ဩဂုတ် ၂၈

ဇလွန်မြို့နယ် ဓနုဘေးကျေးရွာတွင် မွေးဖွားခဲ့သော သုံးမြွှာပူး ကလေးငယ်များကို ဩဂုတ် ၂၅ ရက် နံနက်က ဇလွန်မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ဇာလင်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မင်းမင်းစိုးနှင့် အဖွဲ့ဝင်များ ကျန်းမာရေးစစ်ဆေးရာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မွေးဖွားခဲ့

အဆိုပါ သုံးမြွှာပူးကလေးငယ်များကို ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ၂၅-၅-၂၀၁၁ ရက်တွင် ကိုသက်နိုင်၏ ဇနီး မသင်းသင်းလှိုင်က မွေးဖွားခဲ့ခြင်းဖြစ်ပြီး မိန်းကလေးတစ်ဦးပါဝင်ကာ ၄င်းတို့ကို မဆန်းနုမော်၊ မောင်ဆန်းနိုင်မိုး၊ မောင်ဆန်းနိုင်ဖြိုးဟူ၍ အမည်ပေးထားကြောင်း၊ ထိုနေ့က ကျန်းမာရေးစစ်ဆေးစဉ် ဆရာဝန်ကြီးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးများနှင့် နို့မှုန့်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မဆန်းနုမော်၊ မောင်ဆန်းနိုင်မိုး၊ မောင်ဆန်းနိုင်ဖြိုး သုံးမြွှာပူး မောင်နှမများ ကျန်းမာရေးစစ်ဆေးစဉ်။

စည်းကမ်းမဲ့ အားကစားပရိသတ်များအား ထိရောက်စွာ အရေးယူမည်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားကွင်း၌ ဇူလိုင် ၂၈ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲ မြန်မာ-အိုမန်ဘောလုံးပွဲစဉ်တွင် စည်းကမ်းမဲ့အားကစားဘောလုံးပရိသတ်ကြောင့် ဘောလုံးပွဲကို ရပ်ဆိုင်းလိုက်ရသည်အထိ ဖြစ်ခဲ့ရပြီးဖြစ်သည်။

ပြစ်ဒဏ်များ ထိရောက်စွာချမှတ်မည်

ပြည်တွင်း မြန်မာနေရှင်နယ်လိဂ် (MNL) ပြိုင်ပွဲများ၊ မြန်မာနိုင်ငံက စက်တင်ဘာ ၈ရက်မှ ၂၀ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲအပါအဝင် အခြားဖိတ်ခေါ်ပြိုင်ပွဲများ စသည့်ဘောလုံးပြိုင်ပွဲများတွင် နိုင်ငံနှင့် လူမျိုး၏သိက္ခာကိုထိပါးစေမည့် အဆိုပါဖြစ်ရပ်မျိုးများ ထပ်မံမဖြစ်ပွားရေးအတွက် လိုအပ်သည်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် စည်းကမ်းမဲ့ ဘောလုံးပရိသတ်ကိုလည်း ပြစ်ဒဏ်များထိရောက်စွာ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဥမ္မာသန့်-သတင်းစဉ်)**

အဖိုးတန် ရှားပါးသည့် ငှက်သိုက်

ရန်ကုန် ဩဂုတ် ၂၈

ဇီဝဇိုးငှက်တို့၏ အန်ဖတ်ကို ငှက်သိုက်ဟု အများသိကြပြီး ဖြစ်သည်။ ငှက်သိုက်သည် ရှားပါးသည်၊ ဆေးဖက်ဝင်သည်။ ရှားပါးပြီး ကျန်းမာရေးအတွက် ဆေးဖက်ဝင်၍ ဈေးလည်းကြီးသည်။ မြိတ်မြို့ ကမ်းနားလမ်းရှိ ဦးရန်အေး၏ နေအိမ်၌ ဇီဝဇိုးငှက်များက သဘာဝအလျောက် လာရောက်နေထိုင်၍ ငှက်သိုက်များပေးနေသည်မှာ နှစ်ပေါင်း ၃၀ခန့်ပင် ရှိပြီဖြစ်သည်။ မြိတ်မြို့တွင် ဦးရန်အေး အိမ်ကဲ့သို့ ဇီဝဇိုးငှက်များလာရောက်ကာ ငှက်သိုက်ပေးနေသည့်အိမ်အချို့လည်း ရှိသည်။ ဇီဝဇိုးငှက်များလာရောက်ရန် လူတို့ဖန်တီးထားသည့် ငှက်အိမ်များလည်း မြိတ်မြို့၌ ယခုအခါ အများအပြား ရှိနေသည်။

"ငှက်သိုက်က အသက်အရွယ်ကြီးသူတွေအတွက် ခွန်အားတိုးစေပါတယ်။ ကျန်းမာရေးချို့ယွင်းလို့ အားအင်နည်းနေတဲ့သူများအတွက် အလွန်သင့်လျော်တဲ့ ဓာတ်စာလို့ ပြောကြပါတယ်။ နေမကောင်းတဲ့သူတွေ လာဝယ်ကြသလို၊ မြိတ်မြို့ကို အလည်အပတ်လာတဲ့သူတွေလည်း ငှက်သိုက်ကို ဝယ်ကြပါတယ်"ဟု ဦးရန်အေး၏ သဘာဝငှက်အိမ်မှ မသဥ္ဇာအေးက ပြောပြသည်။

ငှက်သိုက်အကောင်းတစ်ကျပ်သား ငွေကျပ် ၂၇၀၀၀ခန့် ဈေးရှိပြီး တစ်ပိုင်းနှစ်ပိုင်း ကျိုးသွားသည့် ငှက်သိုက်မှာ ငွေကျပ် ၂၀၀၀၀ခန့် ဈေးရှိကြောင်း၊ ငှက်သိုက်ကို လေးလတစ်ကြိမ် သိမ်းဆည်းကြောင်းလည်း သိရသည်။

ငှက်သိုက်ကို စားသုံးမည်ဆိုပါက ပထမဦးစွာ ရေစိမ်ရသည်။ ရေထဲ၌ အမျှင်များဖြစ်လာလျှင် မလိုအပ်သော အမွေးအမှင်များကို ထုတ်ပယ်သန့်စင်ပြီး ငှက်သိုက်အမျှင်များကို သီးသန့်ဖယ်ယူရသည်။ ထို့နောက် ရေသန့်နှင့် ရော၍ ခွက်ထဲသို့ထည့်ကာ ရေနွေးနှင့်ပေါင်းပြီး သကြားကို လိုအပ်သလိုထည့်၍ သောက်သုံးနိုင်ကြောင်း သိရသည်။ **(ကိုကြီးသာ)**

နိုင်ငံခြားခရီးသွားများ ပလက်ဖောင်းပန်းချီ စိတ်ဝင်စား

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားခရီးသွားအချို့သည် လှည့်ပတ်သွားလာရာနေရာများတွင် စိတ်ဝင်စားမှုများ ရှိကလေ့လာကြည့်ရှုတတ်ကြသည်။ ဩဂုတ် ၂၇ရက်ကလည်း ပလက်ဖောင်းပေါ်တွင်ထိုင်၍ လက်တွေ့အမြန်ရေးဆွဲပေးနေသော လမ်းဘေးပလက်ဖောင်းပန်းချီများကို စိတ်ဝင်တစား လေ့လာကြည့်ရှုဝယ်ယူနေကြသည်ကို ဗိုလ်ချုပ်အောင်ဆန်းဈေးအနီး ပလက်ဖောင်းတစ်နေရာတွင် တွေ့မြင်လိုက်ရသည်။

ပန်းချီရေးဆွဲသူက ''ကျွန်တော်တို့အနေနဲ့ အခုလို ပန်းချီကားကို လက်တွေ့ရေးဆွဲပြတာမို့ သူတို့ စိတ်ဝင်စားကြပါတယ်။ နောက်ပြီး ရောင်းတာကလည်း ပုံကြီးတစ်ပုံကို မြန်မာကျပ်ငွေ ၁၀၀၀ နဲ့ ပုံသေးဆိုရင် တစ်ပုံကျပ်ငွေ ၅၀၀ တည်းနဲ့ ရောင်းတာဖြစ်လို့ ဒီလိုဈေးသက်သာတာကိုလည်း သူတို့ အကြိုက်တွေ့တာ ဖြစ်ပါတယ်။ နောက်ပြီး သူတို့လိုချင်တဲ့ပုံကို ပြောရင်လည်း ကျွန်တော်တို့က ရေးဆွဲပေးကြပါတယ်''ဟု ဆိုပါသည်။ *(ဝ၄၂)*

လမ်းဘေးပလက်ဖောင်းပန်းချီကားများအား နိုင်ငံခြားသားများ အကြိုက်တွေ့ ဝယ်ယူနေကြစဉ်။

ထီပေါက်အားကောင်းလာမှုကြောင့် ထီရောင်းဝယ်ရေးလုပ်ငန်း တိုးပွားလာ

ရန်ကုန် ဩဂုတ် ၂၈

မြင့်မောင်စိုး ရေးသားသည်

လစဉ် ပြည်တွင်းအခွန်များဦးစီးဌာနက ဖွင့်လှစ်သည့် အောင်ဘာလေသိန်းဆုကို ထီထိုးသူများ တိုးပွားလာသဖြင့် ထီလုပ်ငန်းလုပ်ကိုင်သူများ ယခင်ကထက် များပြားလာသည်ကို တွေ့ရသည်။ အောင်ဘာလေသိန်းဆု ထီလက်မှတ်များကို ယခင်က ဆိုင်များဖြင့်သာ ရောင်းချသော်လည်း ယခုအခါ ထီကားများ၊ ထီလှည်းများဖြင့် ရောင်းချသည့်ထီဆိုင်များ များပြားလာသည်။ ထိုသို့ ထီလက်မှတ်ရောင်းချသည့်လုပ်ငန်းမှာ ယခင်က မြို့ကြီးများ၌သာ ရှိခဲ့သော်လည်း ယခုအခါ မြို့ပေါ်ရပ်ကွက်များအထိ ထီကားများနှင့် ထီလှည်းများဖြင့် လှည့်လည်ရောင်းချလာခဲ့သည်။

"ထီပေါက်အားကောင်းလာတာကြောင့် တစ်လထက်တစ်လ ထီထိုးသူဦးရေ တိုးပွားလာပါတယ်။ ထီလက်မှတ် တစ်စောင်ကနေ ကျပ်သိန်း ၁၀၀၀ အထိ ရနိုင်ပါတယ်။ သက်ဆိုင်ရာ ထီရောင်းဝယ်ရေး ကိုယ်စားလှယ်တွေကလည်း အပိုဆု ပေးနေတာကြောင့် ထီထိုးသူများ တစ်စတစ်စ ပိုမိုများပြားလာပါတယ်"ဟု ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရွှေလမင်းနှင့် မြတ်ဆုကုဋေ ထီဆိုင်မှ အရောင်းဝန်ထမ်း မအေးမီကျော်က ပြောကြားသည်။

ရောင်းချလျက်ရှိ

ထီဆိုင်ပိုင်ရှင်များက အပိုဆုများကို ထီပေါက်သူသာမက ထီရောင်းကိုယ်စားလှယ်များကိုပါ ပေါက်သည့်ဆုမဲများအလိုက် ချီးမြှင့်ပေးလျက်ရှိခြင်းကြောင့် ထီရောင်းဝယ်ရေး လုပ်ကိုင်သူများ တိုးပွားလာခြင်းဖြစ်သည်။ ထီဆိုင်အချို့တွင် ရောင်းချနေသော ထီဈေးနှုန်းမှာ မင်္ဂလာစုံတွဲ (၂၄)စောင် တစ်အုပ် ငွေကျပ် ၇၃၀၀မှ ၇၅၀၀၊ ၁၀စောင်တွဲ တစ်အုပ် ငွေကျပ် ၃၃၀၀၊ ၅စောင်တွဲ ငွေကျပ် ၁၇၀၀မှ ၁၈၀၀ကျပ်၊ သုံးစောင်တွဲ ငွေကျပ် ၁၀၀၀၊ နှစ်စောင်တွဲ ကျပ် ၇၀၀နှင့် တစ်စောင် ငွေကျပ် ၃၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ထီလက်မှတ်တစ်စောင် ဌာနမှ ရောင်းချဈေးမှာ ငွေကျပ် ၂၀၀ ဖြစ်သော်လည်း အထွေထွေကုန်ကျစရိတ်အပေါ် မူတည်၍ ထီတစ်စောင်လျှင် ငွေကျပ် ၃၅၀နှုန်းဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်တွင်းကြီး၌ ရေလွှမ်း

တောင်တွင်းကြီး ဩဂုတ် ၂၈

*ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်တွင်းကြီးမြို့လယ်မှ စီးဆင်းသော စက်စက်ယိုချောင်းရေလျှံကာ မြို့ပေါ် လေးရပ်ကွက်တွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည်။ **(ယာပုံ)***

ရေလွှမ်းမှုကြောင့် တောင်ပြင်-၂ ရပ်ကွက်နေအိမ်နှင့် ဆိုင်ခန်းများ ပိတ်သိမ်းခဲ့ရပြီး အိမ်မွေးတိရစ္ဆာန်များ ရေလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း သိရသည်။

ယာယီပိတ်ပေးထား

အလားတူ တောင်တွင်းကြီးမြို့နယ် ကံပေးကြီးအုပ်စုရှိ အထက ကင်ပွန်းတောင်ချောင်းရိုးကျောင်းအတွင်းသို့ ဩဂုတ် ၂၈ရက် နံနက် ၃ နာရီခန့်က ရေအနက် သုံးပေခန့်ဝင်ရောက်ခဲ့ရာ စာသင်ခုံများနစ်မြုပ်လျက်ရှိသဖြင့် ဩဂုတ် ၂၉ရက်နှင့် ၃၀ ရက်များတွင် ကျောင်းသား ကျောင်းသူများ အန္တရာယ်မဖြစ်စေရေးအတွက် အဆိုပါကျောင်းအား ယာယီပိတ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတိထားစောင့်ကြည့်သင့်

*ရေကြီးရေလျှံမှု အမြန်လျော့ကျရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ချောင်း၊ မြောင်းဘေးနှင့် ဆည်၊ တာတမံ၊ ကန်အနီးနေထိုင်သူများ မိုးရွာသွန်းမှုအခြေအနေနှင့် ရေကြီးရေလျှံနိုင်မှု ရှိ၊ မရှိ သတိထားစောင့်ကြည့်သင့်သည်ကို ဒေသခံများက ပြောကြားလျက်ရှိကြောင်း သိရှိရသည်။ **(၁၁၇)***

29-8 (06).pmd 1 8/29/2011, 3:29 AM

ရတနာတိုးစပါး

တောင်သူများအတွက် အထွက်လည်းတိုး အကျိုးလည်းများသည့် ရတနာတိုးစပါးမျိုး။

❒ *ရွှေဖုံးမှ*

ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက "ရေစကြိုမြို့ အနေနဲ့ ယခုနှစ်မိုးရာသီစပါးစိုက်ပျိုးရာသီမှာ လက်ရှိ စိုက်ပျိုးလျက်ရှိတဲ့ သီးထပ်ရင်၊ ရွှေမြန်မာ၊ ပခန်းရွှေဝါ၊ မနောသုခ စပါးမျိုးတွေအပြင် ဒေသရေ၊ မြေ၊ သဘာဝနဲ့ ကိုက်ညီတဲ့အထွက်ကောင်း ရတနာတိုးစပါးမျိုးအသစ်ကို ပြောင်းလဲ စိုက်ပျိုးနေပါတယ်။

"ရတနာတိုးစပါးမျိုးသစ်ကို ယခုနှစ် နွေစပါးစိုက်ပျိုးရာသီမှာ ဆင်းသုခ၊ ဆင်းသွယ်ရင်၊ ပခန်းရွှေဝါတွေနဲ့အတူ လက်တွေ့စမ်းသပ် စိုက်ပျိုးခဲ့ပါတယ်။ အဲဒီလို ဒေသအကျိုးအတွက် စမ်းသပ် စိုက်ပျိုးတဲ့အခါ ရတနာတိုးမျိုးသန့် အဆင့်(၁)စပါးမျိုးက အထွက်နှုန်း ကောင်းတာ လက်တွေ့သိရှိခဲ့ရတဲ့အတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ကျေးရွာ အုပ်စု ၃၀က တောင်သူ ၂၁၃ ဦးရဲ့ ဧက ၄၂၀မှာ စိုက်ပျိုးသွားမှာဖြစ်ပါ တယ်"ဟု ရှင်းပြသည်။

ဒေသရေ၊ မြေ၊ သဘာဝနှင့် ကိုက်ညီသည့် အထွက်ကောင်းရတနာတိုး စပါးမျိုးကို ဤသို့ စိုက်ပျိုးလျက်ရှိကြသည်။

မျိုးကောင်း၊ မျိုးသန့် မျိုးစေ့

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းရုံးသို့ သွားရောက်၍ မြို့နယ် မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် မြို့နယ်မန်နေဂျာ ဦးစိန်မောင်က "ကျေး လက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ နည်းပပျောက်ရေးအတွက်ဆိုရင် လယ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့က အဓိကအရေးပါ ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက် ဖို့အတွက်ဆိုရင် စိုက်ဧကတွေ တိုးချဲ့ဖို့နဲ့ တစ်ဧကအထွက်နှုန်း တိုးတက်ရေးက အရေးကြီးပါတယ်။ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးတက်စိုက်ပျိုးနေသလို အခြားတစ်ဖက်မှာလည်း အထွက်တိုးတဲ့ မျိုးကောင်းမျိုးသန့်တွေကို ပြောင်းလဲ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရေးမှာ အဓိကအရေးကြီးတာက မျိုးကောင်း၊ မျိုးသန့် မျိုးစေ့ ဖြစ်ဖို့ပါပဲ။ ယခု ပြောင်းလဲစိုက်ပျိုးနေတဲ့ ရတနာတိုးစပါး မျိုးက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မျိုးသန့်ခြံက ထုတ်လုပ်ဖြန့်ဖြူးတဲ့ မျိုးသန့် ဖြစ်ပါတယ်" ဟု စာရေးသူအား ရှင်းလင်း ပြောကြားသည်။

အကျိုးများ

ရတနာတိုးစပါးမျိုး၏အရည်အသွေး များမှာ စပါးအသက်ရက်က ၁၁၅ ရက်၊ အပင်အမြင့် ၁၂၅ စင်တီမီတာ၊ အပင်ပွား ၁၁ပင်၊ တစ်နှံပါသီးလုံး (အောင်စေ့) ၁၉၀၊ အစေ့ ၁၀၀၀ ၏အလေးချိန်က ၂၇ ဒသမ ၃ဂရမ်၊ ဆန်ရည်ဆန်သွားက ကြည်လင်ပြီး အထွက်နှုန်းမှာ တစ်ဧက ၁၀၉ တင်းမှ ၁၆၂တင်းအထိထွက်ရှိသည့် မျိုးကောင်း မျိုးသန့်စပါးမျိုးဖြစ်သည်။ တောင်သူများ အတွက် အထွက်လည်းတိုး အကျိုးလည်း များသည့် စပါးမျိုးဖြစ်သည်။

ဖွံ့ဖြိုးလာမည်

ဒေသခံ တောင်သူများအနေဖြင့် အထွက်ကောင်း ရတနာတိုးမျိုးစပါးကို သိပ္ပံနည်းကျ အချက်(၁၄)ချက်နှင့်အညီ စိုက်ပျိုးသွားပါက လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာပြီး တောင်သူများ၏ လူမှု စီးပွားဘဝလည်း ဖွံ့ဖြိုးလာမည်ဖြစ် သည်။

အထွက်နှုန်းကောင်းမွန်သော ရတနာ တိုးစပါးမျိုးကို ရေစကြို မြို့နယ်တွင် ဧက၄၂၀ စိုက်ပျိုးသွားမည်ဖြစ်ရာ အထွက်လည်းတိုး၊ အကျိုးလည်းများပြီး ဒေသခံတောင်သူများ၏လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာရေးအတွက် များစွာ အထောက်အကူပြုလာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၉-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဝိပဿနာအလုပ်ပေး** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၆:၄၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့သာရရုပ်ရှင်တော်မြတ်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၂)
- ၈:၅၀ Activities in the City ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲ
- ၉:၀၀ အသည်းရောဂါနှင့် ဆောင်ရန် ရှောင်ရန်အချက်များ [ပါမောက္ခခင်မောင်ဝင်း(အသည်း)]
- ၉:၂၀ ဖန်တီးသူ၏ ပညာစွမ်းမှသည် လှပသောဘဝများဆီသို့
- ၉:၄၅ စာအုပ်ပြခန်း (စာရေးဆရာချစ်နိုင် (စိတ်ပညာ) နှင့် တွေ့ဆုံခြင်း)
- ၁၀:၁၀ A Journey to Korea (Part-3)
- ၁၀:၃၅ The Champion of Dance
- ၁၁:၁၀ Celebrity Choice (မိုးအောင်ရင်)
- ၁၁:၄၅ MRTV- 4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (မြင်းမူမောင်နိုင်မိုး)
- ၁၂:၄၀ နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူမြတ်သောအလှူ
- ၁:၀၀ **ဝိပဿနာအလုပ်ပေး** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (I BIZ Service Provider Co.,Ltd. မှ ဖွင့်လှစ်သော O Myanmar Shopping Mall ဖွင့်ပွဲအခမ်းအနား)
- ၂:၄၀ **တုနှိုင်းမရ** ဦးဝင်းမြင့်၊အရိုင်းမင်း၊ မျိုးကြည်၊တိုးမြတ်နိုးဝေ [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၃:၀၀ တော်ဝင်မိသားစုနှစ်ပတ်လည် ငွေရတုမင်္ဂလာ
- ၃:၁၅ Activities in the City (Eternal Light မဂ္ဂဇင်း၏ ပထမအကြိမ်စာပေဟောပြောပွဲ)
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၀)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၂)
- ၅:၁၀ စိတ်တိုင်းကျ ဝန်ဆောင်မှုအစစ် Thitsa Aircon Service
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၁)
- ၇:၁၀ ezy ACOUSTIC SHOW (part-1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **(မင်္ဂလာဆောင်သွားတာ ကောင်းတယ်၊ မင်္ဂလာဆောင်မသွားတာ ကောင်းတယ်)**
- ၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၃)
- ၁၀:၃၀ Sunday Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ မျိုးမြတ်သူ)
- ၁၁:၀၀ ဗီဒီယိုပြခန်း
- ၁၁:၁၅ အနုပညာမိုးကောင်းကင်
- ၁၁:၃၅ World Championships in Athleties, Daegu
- ၁၂:၃၅ International Show Biz
- ၁၂:၅၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁:၁၀ ဈေးဝယ်လမ်းညွှန် (မကွေး Shopping Mall)
- ၁:၂၅ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
- ၁:၄၅ Celebrity Profile (Rain)
- ၂:၁၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၂:၃၅ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၂:၅၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၁၀ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
- ၄:၃၀ မြန်မာ့လက်မှု အနုလက်ရာစုံစွာ...
- ၄:၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီး စေတီများ
- ၄:၅၀ ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အခွန်ပညာပေးဆွေးနွေးပွဲ မုံရွာမြို့နယ်၌ကျင်းပ

မုံရွာ ဩဂုတ် ၂၈

မုံရွာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက မုံရွာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီ **(အပေါ်ပုံ)** က အခွန်အရပ်ရပ်နှင့်ပတ်သက်သောဥပဒေများ၊ သိကောင်း စရာများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက မရှင်းလင်းသည်များကို မေးမြန်းခဲ့ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရ သည်။ **(မြန်မာ့အလင်း)**

ဒုဋ္ဌဝတီ၊ စစ်တောင်းနှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ် မြို့တွင် ၉၀၂ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၂ စင်တီမီတာ (၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေ သည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၂၅ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၅စင်တီမီတာ (၀ဒသမ၈ပေ ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည် ရှိနိုင်သည်။ **သံလွင်မြစ်ရေ** သည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၂ စင်တီမီတာ (၀ ဒသမ၇ပေ ခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

စက်တင်ဘာလ ၁၀ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိ နိုင်သည်။

မိုးအခြေအနေ

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲ ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ခုနစ်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် ရွာသွန်းနိုင် သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ပေခန့်)၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ (၃ပေခန့်)နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၆၀ စင်တီ မီတာ (၂ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေ သည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ (၃ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ် (၄၅၇/ဘီ)နေ ဦးမောင်မောင်ကြွယ် မိသားစုက သီဟသုဓမ္မသီဂီ ဒေါ်မော်လီတင် ရှစ်နှစ်ပြည့်အားရည်စူး၍ ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇဟိုသို့ အလှူငွေ ကျပ်ခြောက်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့်စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပြည်နယ်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ ရှင်းလင်းခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်အပေါ်

ဖြေကြားခြင်းအခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ပြည်နယ်တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ထားရှိမှုအခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်အပေါ် ဖြေကြားခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၈နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ကချင်အတိုင်ပင်ခံအဖွဲ့၊ စာနယ်ဇင်းအဖွဲ့၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ UN, NGO, INGO များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု၊ KIO (ကချင်အဖွဲ့)နှင့် ညှိနှိုင်းဆောင်ရွက်နေမှုနှင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာက ကျေးလက်ဒေသများမှ လုံခြုံရေးအရ ပြောင်းရွှေ့ရောက်ရှိလာကြသည့် ပြည်သူများအား ပြည်နယ်အစိုးရနှင့်အဖွဲ့အစည်းများက စခန်းများ ဖွင့်လှစ်နေရာချထားမှု၊ စားဝတ်နေရေး ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာသင်ကြားခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ မြို့မိမြို့ဖများ၏ ပြည်သူ့ဆန္ဒသဘောထားများ၊ မေးမြန်းချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားကြသည်။ ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ပြည်နယ်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားများ မေးမြန်းတင်ပြချက်များအပေါ် ဖြေကြားခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်(အရှေ့ပိုင်း)ခရိုင်မှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များသို့ အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ဩဂုတ် ၂၆ရက်က ရန်ကင်းပညာရေးကောလိပ်ခန်းမ ဆောင်၌ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ရန်ကုန်အရှေ့ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ဦးစီးကော်မတီဝင် အဆိုအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးထံ အောင်နိုင်ရေးအလံ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

○ ရှေ့ဖုံးမှ

မြစ်ရေအခြေအနေ

၅။ မိုးနှောင်းကာလတွင် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်း မြစ်ရေသည် တောင်ငူမြို့တွင် နှစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် နှစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက် နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	**ကျန်းမာဖို့အတူကစားစို့**
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၀၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၈။	အဆိုပြိုင်ပွဲ
၈း၁၀	၉။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၁၀။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသား)**
၈း၄၀	၁၁။	**International News**
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၁၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၂၀	၈။	**၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**
၅း၃၅	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂၀)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၅)
	၁၉။	အစီအစဉ်ပြီး၏။

Prof. Dr. Tin Aung Aye ၏ စာအုပ် ထုတ်ဝေဖြန့်ချိ



နေပြည်တော် ဩဂုတ် ၂၈

ပရော်ဖက်ဆာ ဒေါက်တာတင်အောင်အေး (Prof. Dr. Tin Aung Aye) ၏ INTERPRETATION OF STATUTE LAW AND TREATY (Second Edition) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ထုတ်ဝေဖြန့်ချိ

ယင်းစာအုပ်ကို ရန်ကုန်မြို့ စေတနာစာပေက ပုံနှိပ်၍ ဦးကြည်စန်းက ထုတ်ဝေဖြန့်ချိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေနံ့သာမောင်ကျော်ညွှန့်၏ စစ်ပါရဂူ စစ်သရဖူဆောင်း မြန်မာ့သူရဲကောင်း ကဗျာစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဩဂုတ် ၂၈

ရေနံ့သာ မောင်ကျော်ညွှန့်၏ စစ်ပါရဂူ စစ်သရဖူဆောင်း မြန်မာ့သူရဲကောင်း (မင်းကြီးမဟာဗန္ဓုလ) ကဗျာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

အဆိုပါစာအုပ်မှာ (၅၅) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ ကဗျာရှည် ပထမဆုရစာအုပ်ဖြစ်ကာ ရေနံ့သာစာပေက စာအုပ်တန်ဖိုးငွေကျပ် ၅၀၀ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာရေးဆရာအောင်ဇင်၏ ဆုံးသက်တိုင် အလံမလဲသူမို့နှင့် ကိုယ်တွေ့ဝတ္ထုတိုများ စာအုပ်ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်သားဘဝ အတွေ့အကြုံ၊ ဘဝအတွေ့အကြုံ ပညာပေးနှင့် ကျန်းမာရေးဆောင်းပါးများ ရေးသားသူ စာရေးဆရာအောင်ဇင်၏ (၁၃)အုပ်မြောက်ဖြစ်သော ဆုံးသက်တိုင်အလံမလဲသူမို့နှင့် ကိုယ်တွေ့ဝတ္ထုတိုများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ ရှင်မတောင်စာပေ အမှတ်-၂၉၆၊ ၁/အနော်မာ -၇လမ်း သာကေတ ရန်ကုန် ဖုန်း-၃၈၆၆၀၇ က တာဝန်ယူ ထုတ်ဝေဖြန့်ချိပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များ၌ ဝယ်ယူရရှိနိုင်သည်။

(သတင်းစဉ်)

ရေခြေရာ - ၂

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

ကမ္ဘာ့လူဦးရေသည် ယခုနှစ်တွင် ၇ ဘီလျံသို့ ရောက်ရှိမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ၉ ဘီလျံသို့ ရောက်ရှိနိုင်ကြောင်း၊ လူဦးရေ တိုးပွားနှုန်းသည် အထူးသဖြင့် အာဖရိကနှင့် တောင်အာရှရှိ ဆင်းရဲသော နိုင်ငံများတွင် ပို၍မြင့်မားမည်ဖြစ်သဖြင့် တိုးပွားလာသူများအား ကျွေးမွေးနိုင်ရန်အတွက် လာမည့်နှစ် (၄၀)အတွင်း ထုတ်လုပ်ရမည့် ရိက္ခာပမာဏသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀၀၀) ကာလအတွင်းက ထုတ်လုပ်ခဲ့သည့် ရိက္ခာပမာဏနှင့် တူညီမည်ဖြစ်ကြောင်း၊ လူသားများသည်လက်ရှိ လမ်းကြောင်းအတိုင်းသာ ဆက်လက်ကျင့်သုံးနေထိုင်ကြဦးမည်ဆိုပါက ခရစ်နှစ် ၂၀၅၀ သို့ ရောက်ရှိချိန်တွင် ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကြီးကို မှတ်မိသိရှိနိုင်သည့် အနေအထားတွင် တွေ့မြင်ကြရမည်မဟုတ်တော့ကြောင်း၊ တိုးပွားလာသည့် လူဦးရေက ပြဿနာများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များ ယိုယွင်းခြင်း၊ ပျောက်ကွယ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်းကို American Association for the Advancement of Science (AAAS)၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် ပါရဂူများက ပြောကြားခဲ့ကြပါသည်။ သဘာဝအရင်းအမြစ်များ၌ ရေသည် လူသားများနှင့် သက်ရှိများ၊ အပင်များအတွက် အဓိက အရေးကြီးဆုံး အရင်းအမြစ်ဖြစ်သဖြင့် ရေအရင်းအမြစ်များ၏ အခြေအနေနှင့် ရေသုံးစွဲမှုအခြေအနေ (**ရေခြေရာ - Water Footprint**) များကို သိရှိထားရန် အလွန်အရေးကြီးပါသည်။

ကမ္ဘာ့ရေထု (Hydrosphere) သည် ဒြပ်ထုအားဖြင့် ၁. ၄ × $၁၀^{၁၈}$ မက်ထရစ်တန် (ဘီလီယံ သန်းပေါင်း ၁၄၀၀ မက်ထရစ်တန်) ခန့်ရှိပါသည်။ Hydrosphere ကို "ရေထု" ဟု ခေါ်စေကာမူ "hydro" တွင် - ရေ (liquid water)၊ ရေခဲ (Ice) နှင့် ရေခိုးရေငွေ့ (water vapour) တို့ ပါဝင်ပါသည်။ ကမ္ဘာ့ရေထုတွင် ပင်လယ်သမုဒ္ဒရာများရှိ ရေငန်များက ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ပါဝင်ပြီး ရေချို (Fresh Water) များက ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ပါဝင်ပါသည်။ ရေချိုများတွင် ရေခဲမြစ်များ၊ ရေခဲတောင်များနှင့် ဝင်ရိုးစွန်းများရှိ ရေခဲပြင်များက ၁ ဒသမ ၇၆၂ ရာခိုင်နှုန်း၊ မြေအောက်ရေ (Ground Water) က ၁ ဒသမ ၇ ရာခိုင်နှုန်း၊ မြစ်ချောင်းအင်းအိုင်များ၊ ကန်များ၊ ဆည်များနှင့် ရေတိမ်ဒေသများရှိ ရေများ (Surface Water) က ၀ ဒသမ ၀၁၄ ရာခိုင်နှုန်းနှင့် လေထုနှင့် မြေဆီလွှာများရှိ ရေခိုးရေငွေ့နှင့် ရေများက ၀ ဒသမ ၀၀၂ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။ (ထုတ်ပြန်သည့်အဖွဲ့အစည်းနှင့် ခုနှစ်ကို လိုက်၍ ကွဲလွဲမှုအနည်းငယ် ရှိတတ်ပါသည်။)

ထို့ကြောင့် ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားသည်ဆိုတိုင်း ရေကိုအတိုင်းအဆမရှိ သုံးစွဲ၍မရနိုင်ပါ။ လူသားများ သုံးစွဲနိုင်သောရေပမာဏသည် စုစုပေါင်း ရေပမာဏ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခြင်းကြောင့်ဖြစ်ပါသည်။ ယင်းပမာဏထဲတွင်လည်း ရေခဲမြစ်များ၊ ရေခဲတောင်များနှင့် ရေခဲပြင်များရှိ ရေများကို ယခုလက်ငင်းသုံးစွဲ၍ မရနိုင်ခြင်းကြောင့် အမှန်တကယ် သုံးစွဲ၍ ရနိုင်သော ရေပမာဏသည် ကမ္ဘာပေါ်ရှိ စုစုပေါင်း ရေပမာဏ၏ ၂ ရာခိုင်နှုန်းခန့်ပင် မရှိပါ။

ကမ္ဘာ့ရေသုံးစွဲမှု ပမာဏသည် အခြားတွင်းထွက်ပစ္စည်းများ (ကျောက်မီးသွေး၊ ရေနံ၊ သတ္တုစသည်များ) နှင့်ယှဉ်လျှင် မြောက်မြားစွာ ပိုမိုများပြားပြီး တစ်နှစ်သုံးစွဲမှုသည် တွင်းထွက်ပစ္စည်းများ၏ အဆပေါင်း တစ်ထောင်ခန့်ရှိကြောင်း၊ အချို့ဒေသများတွင် ရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပို၍လည်း ဖြစ်ပေါ်ရန်ရှိကြောင်း၊ အကျိုးဆက်အဖြစ် စီးပွားရေး ပျက်ယွင်းမှုများနှင့် လူအများ ဘေးဒုက္ခရောက်မှုများနှင့် ကြုံတွေ့ကြရလိမ့်မည် ဖြစ်ကြောင်း၊ ၂၀ ရာစုတွင် "ရေနံအရေးအခင်း" ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခု ၂၁ ရာစုတွင် "ရေအရေးအခင်း" (Water Crisis) ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါသည်။

ကမ္ဘာ့လူဦးရေ အဆမတန် တိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများ တစ်ရှိန်ထိုးတိုးတက်လာခြင်းကြောင့်လည်းကောင်း၊ အလဟဿ ဖြုန်းတီးမှုများကြောင့်လည်း ကောင်း၊ ကမ္ဘာ့ရေသုံးစွဲမှုသည် သိသာထင်ရှားစွာ များပြားလာသကဲ့သို့ တစ်ဖက်တွင်လည်း ရေ(ရေချို)အရင်းအမြစ်များသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲ ဖောက်ပြန်မှုများကြောင့် လည်းကောင်း၊ မဆင်မခြင်သုံးစွဲမှုများကြောင့်လည်းကောင်း လျော့နည်းလာလျက်ရှိသည်ကို သိပ္ပံပညာရှင်များ သတိပြုမိခဲ့ကြပါသည်။

ထို့ကြောင့်ပင် နိုင်ငံအများအပြား၌ ရေသုံးစွဲရာတွင် ကုန်ကျမှုများကို ကဏ္ဍအလိုက်ခွဲခြား၍ ရေဘက်ဆိုင်ရာ ပါရဂူများက ရေခြေရာခံခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ကမ္ဘာကြီးတစ်ခုလုံး၏ တစ်နှစ်တာအတွင်း ရေသုံးစွဲမှု စုစုပေါင်း ပမာဏသည် ၇၄၅၀ ဘီလျံကုဗမီတာ (၁ ကုဗမီတာ = ၁၀၀၀ လီတာ = ၂၂၀ ဂါလန်) ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် တစ်နှစ်လျှင် ၉၈၇ ဘီလျံ ကုဗမီတာဖြင့် ကမ္ဘာပေါ်တွင် ရေခြေရာ အကြီးဆုံးနိုင်ငံဖြစ်ကြောင်း၊ သို့သော် အိန္ဒိယနိုင်ငံ၏လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းထိရှိခြင်းကြောင့် အိန္ဒိယနိုင်ငံသားများအနေဖြင့် ကမ္ဘာ့ရေသုံးစွဲမှု စုစုပေါင်းပမာဏ၏ ၁၃ ရာခိုင်နှုန်းခန့်သာ သုံးစွဲကြောင်း၊ အမှန်တကယ် ရေခြေရာအကြီးဆုံး ရှိသူများမှာ အမေရိကန်နိုင်ငံသားများ ဖြစ်ကြောင်း၊ အမေရိကန်တစ်ဦးသည် တစ်နှစ်လျှင် ရေကုဗမီတာ ၂၄၈၀ အထိ သုံးစွဲကြောင်း၊ အခြားရေခြေရာကြီးသူများမှာ ဥရောပတောင်ပိုင်းမှ ဂရိ၊ အီတလီနှင့် စပိန်နိုင်ငံသားများ ဖြစ်သည်။

ကမ္ဘာ့သူ ကမ္ဘာ့သားများ စားသုံးရန်အတွက် လိုအပ်သည့် ကောက်ပဲသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်နှစ်လျှင် ကုန်ကျသည့်ရေပမာဏ စုစုပေါင်းမှာ ၆၃၉၀ ဘီလျံကုဗမီတာ ရှိကြောင်း၊ ယင်းပမာဏမှ ၁၃၅၉ ဘီလျံကုဗမီတာ (၂၁ ရာခိုင်နှုန်းခန့်) သည် ဆန်စပါးစိုက်ပျိုးခြင်းအတွက် ကုန်ကျကြောင်း၊ ဒုတိယအနေဖြင့် ဂျုံစိုက်ပျိုးခြင်းဖြစ်ပြီး ၁၂ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ နယ်သာလန်နိုင်ငံမှ ပညာရှင် Hoekstra နှင့် Chapagain တို့၏စာတမ်းအရ သိရှိရပါသည်။ ယင်းစာတမ်းတွင် ဖော်ပြပါရှိသည့် ကောက်ပဲသီးနှံအချို့နှင့် စားသောက်ကုန်အချို့ စိုက်ပျိုးထုတ်လုပ်ရာတွင် နိုင်ငံအသီးသီးအလိုက် ကုန်ကျသော ရေပမာဏများကို လေ့လာနိုင်ရန်အလို့ငှာ ဇယား (၁)နှင့် (၂)တွင် ဖော်ပြထားပါသည်။ ကောက်ပဲသီးနှံနှင့် စားသောက်ကုန် တစ်မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ကုန်ကျသည့် ရေပမာဏကို ကုဗမီတာဖြင့် သတ်မှတ်လေ့ရှိပါသည်။

ဇယား (၁)အရ - ကောက်ပဲသီးနှံများအနက် ဆတ်သည် တစ်ကမ္ဘာလုံး ပျမ်းမျှ ၄၅၉၆ m^3 $tonne^{-1}$ ဖြင့် ရေခြေရာ အကြီးဆုံးဖြစ်ပြီး ဝါသည် ၃၆၄၄ m^3 $tonne^{-1}$ ဖြင့် ရေခြေရာ ဒုတိယအကြီးဆုံး ဖြစ်ပါသည်။ စပါးနှင့် ဂျုံတွင် စပါးက ၂၂၉၁ m^3 $tonne^{-1}$၊ ဂျုံက ၁၃၃၄ m^3 $tonne^{-1}$ ရှိသဖြင့် စပါးစိုက်ပျိုးခြင်းသည် ဂျုံစိုက်ပျိုးခြင်းထက် ရေကုန်ကျမှု ၇၁ ဒသမ ၇ ရာခိုင်နှုန်းခန့် ပို၍များပါသည်။

စပါးတစ်တန် ထုတ်လုပ်ရန်အတွက် ရေကုန်ကျမှု ၂၂၉၁ ကုဗမီတာ(တစ်ကမ္ဘာလုံးပျမ်းမျှ) ရှိသော်လည်း ဆန် ၁ မက်ထရစ်တန် ထုတ်လုပ်ရာတွင် ရေ ၂၉၇၅ ကုဗမီတာ ကုန်ကျရခြင်းမှာ ဆန်ရရှိရန်အတွက် စပါးကို ကြိတ်ခွဲရာ၌ ဆန်ထွက်နှုန်း (အလေးချိန်အရ) သည် ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းခန့်သာ ထွက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

ဇယား (၂)အရ - ကော်ဖီ (အစို) ၁ မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေ ၁၇၃၇၃ ကုဗမီတာ (တစ်ကမ္ဘာလုံးပျမ်းမျှ) ကုန်ကျပြီး လက်ဖက်ခြောက်(အချို) ၁ မက်ထရစ်တန် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ရေကုန်ကျမှုသည် ၉၂၀၅ ကုဗမီတာသာ ရှိသဖြင့် ကော်ဖီထုတ်လုပ်ခြင်းသည် လက်ဖက်ခြောက်ထုတ်လုပ်ခြင်းထက် ရေကုန်ကျမှု နှစ်ဆခန့်များပါသည်။

အမဲသားနှင့် အခြားအသားများ၏ ရေခြေရာများသည် ကောက်ပဲသီးနှံများ၏ ရေခြေရာများထက် ပို၍ကြီးရခြင်းမှာ မွေးမြူရေးတိရစ္ဆာန်များ ရှင်သန်ကြီးထွားရန်အတွက် ပြောင်း၊ ဘာလီ၊ ပဲနှင့် အခြားအနှံများ ကျွေးမွေးရခြင်းကြောင့် ဖြစ်ပါသည်။

စားသောက်ဖွယ်ရာအမျိုးမျိုးနှင့် အဖျော်ယမကာ အမျိုးမျိုးအတွက် ကုန်ကျသောရေပမာဏများကို ဇယား (၃)တွင် ဖော်ပြထားပါသည်။ ဤဇယားအရ- စားသောက်ဖွယ်ရာများအနက် လက်ဖက်ရည်တစ်ခွက်အတွက် ကုန်ကျသည့် ရေပမာဏမှာ ၃၅ လီတာ သာရှိပြီး ကော်ဖီတစ်ခွက်အတွက် ကုန်ကျသော ရေပမာဏသည် ၂၈၀ လီတာရှိနေရခြင်းမှာ ပါဝင်သော သကြားနှင့် နို့/နို့မှုန့်တို့၏ ပါဝင်မှုပမာဏသည် တူညီကြသော်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် လက်ဖက်ခြောက် စိုက်ပျိုးထုတ်လုပ်ခြင်းထက် ရေကုန်ကျမှု သိသာစွာများသောကြောင့် ဖြစ်ပါသည်။

၈၀ g m^{-2} အဆင့်ရှိသည့် A-4 စက္ကူတစ်ရွက် ထုတ်လုပ်ရန်အတွက် ကုန်ကျသောရေပမာဏသည် ၁၀ လီတာရှိပါသည်။ ၈၀ g m^{-2} ဆိုသည်မှာ ဧရိယာ တစ် စတုရန်းမီတာရှိသည့် စက္ကူတစ်ရွက်၏ အလေးချိန်သည် ၈၀ ဂရမ် ရှိခြင်းဖြစ်ပါသည်။ A-4 စက္ကူထုပ်များတွင် စက္ကူ၏ အဆင့်အတန်းကို GSM (gram square metre) ဖြင့် ဖော်ပြလေ့ရှိပါသည်။ A-4 စက္ကူတစ်ရွက်၏ အရွယ်အစားသည် ၂၁၀ mm x ၂၉၇ mm ရှိသဖြင့် တစ်စတုရန်းမီတာတွင် A-4 စက္ကူ ၁၆ ရွက်ရှိပါသည်။ တစ်နည်းအားဖြင့် ၈၀ GSM ရှိသည့် A-4 စက္ကူတစ်ရွက်သည် ၅ ဂရမ် လေးပါသည်။

သားရေ ဘွတ်ဖိနပ်တစ်ရန် ထုတ်လုပ်ရန်အတွက် ရေလီတာ ၈၀၀၀ အထိ ကုန်ကျရခြင်းမှာ ဘွတ်ဖိနပ်အတွက် အဓိကကုန်ကြမ်းဖြစ်သော သားရေ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မွေးမြူရေး တိရစ္ဆာန်များ) တစ်မက်ထရစ်တန် ထုတ်လုပ်ရန်အတွက် ရေ ၁၆၆၅၆ ကုဗမီတာ (တစ်ကမ္ဘာလုံးပျမ်းမျှ) ကုန်ကျထားခြင်းကြောင့် ဖြစ်ပါသည်။ ဖော်ပြပါ လီတာ ၈၀၀၀တွင် ဘွတ်ဖိနပ်ထုတ်လုပ်ရာ၌ ကုန်ကျသောရေများလည်း ပါဝင်ပါသည်။

ယခုဖော်ပြခဲ့သော ရေခြေရာများတွင် လူများစားသုံးသော ကောက်ပဲသီးနှံများ၊ စားသောက်ဖွယ်ရာများအတွက် ကုန်ကျသည့် **"တစ်ဆင့်ခံ ရေသုံးစွဲမှုများ"** (Indirect Use) သာဖြစ်ပါသည်။ စာရေးသူတို့ ကိုယ်တိုင် တိုက်ရိုက်သုံးစွဲရာတွင် ကုန်ကျသည့်ရေပမာဏများ (ရေခြေရာများ)နှင့်ပတ်သက်၍ ဆက်လက်ရေးသားပါဦးမည်။ ရေသုံးစွဲမှုများနှင့် ရေကုန်ကျမှုများကို သိရှိထားခြင်းဖြင့် အလဟဿသုံးစွဲမှုများကို ရှောင်ရှားကြပြီး ရေကိုအထိရောက်ဆုံး သုံးစွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် စိတ်ဝင်စားလာကြမည် ဖြစ်ပါသည်။

ရေအရင်းအမြစ်များ လျော့နည်းသွားလျှင်သော်လည်းကောင်း၊ ပျောက်ကွယ်သွားလျှင်သော်လည်းကောင်း၊ ညစ်ညမ်းသွားလျှင်သော်လည်းကောင်း လူသားများအား ဘေးဒုက္ခများ ကျရောက်စေပြီး သဘာဝပတ်ဝန်းကျင် ပြောင်းလဲယိုယွင်း ပျက်စီးနိုင်သောကြောင့် ရေကိုအကန့်အသတ်မရှိ သုံးစွဲခြင်းများကို ရှောင်ရှားကြပြီး စနစ်တကျ သုံးစွဲနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

ဇယား (၁) - ကောက်ပဲသီးနှံအချို့၏ နိုင်ငံများအလိုက် ရေကုန်ကျမှုများ (m^3 $tonne^{-1}$)

စဉ်	အမျိုးအမည်	အမေရိကန်	တရုတ်	အိန္ဒိယ	ရုရှား	အင်ဒိုနီးရှား	ဩစတြေးလျ	ဘရာဇီး	ဂျပန်	မက္ကဆီကို	အီတလီ	နယ်သာလန်	တစ်ကမ္ဘာလုံးပျမ်းမျှ
၁	စပါး	၁၂၇၅	၁၃၂၁	၂၈၅၀	၂၄၀၁	၂၁၅၀	၁၀၂၂	၃၀၈၂	၁၂၂၁	၂၁၈၂	၁၆၇၉	-	၂၂၉၁
၂	ဆန်	၁၆၅၆	၁၇၁၆	၃၇၀၂	၃၁၀၈	၂၇၉၃	၁၃၂၇	၄၀၀၃	၁၅၈၆	၂၈၃၄	၂၁၈၀	-	၂၉၇၅
၃	ဂျုံ	၈၄၉	၆၉၀	၁၆၅၄	၂၃၇၅	-	၁၅၈၈	၁၆၁၆	၇၃၄	၁၀၆၆	၂၄၂၁	၆၁၉	၁၃၃၄
၄	ပြောင်းဖူး	၄၈၉	၈၀၁	၁၉၃၇	၁၃၉၇	၁၂၈၅	၇၄၄	၁၁၈၀	၁၄၉၃	၁၇၄၄	၅၃၀	၄၀၈	၉၀၉
၅	ပဲပုပ်	၁၈၆၉	၂၆၁၇	၄၁၂၄	၃၉၃၃	၂၀၃၀	၂၁၀၆	၁၀၇၆	၂၃၂၆	၃၁၇၇	၁၅၀၆	-	၁၇၈၉
၆	ကြံ	၁၀၃	၁၁၇	၁၅၉	-	၁၆၄	၁၄၁	၁၅၅	၁၂၀	၁၇၁	-	-	၁၇၅
၇	ဝါ	၂၅၃၅	၁၄၁၉	၈၂၆၄	-	၄၄၅၃	၁၈၈၇	၂၇၇၇	-	၂၁၂၇	-	-	၃၆၄၄
၈	ဝါဂွမ်း	၅၇၃၃	၃၂၁၀	၁၈၆၉၄	-	၁၀၀၇၂	၄၂၆၈	၆၂၈၁	-	၄၁၈၂	-	-	၈၂၄၂
၉	ဘာလီ	၇၀၂	၈၄၈	၁၉၆၆	၂၃၅၉	-	၁၄၂၅	၁၃၇၃	၆၉၇	၁၂၁၀	၁၈၂၂	၇၁၈	၁၃၈၈
၁၀	နှံစားပြောင်း	၇၈၂	၈၆၃	၄၀၅၃	၂၃၈၂	-	၁၀၈၁	၁၆၀၉	-	၁၂၁၂	၅၈၂	-	၂၈၅၃
၁၁	ဆတ် (millet)	၂၁၄၃	၁၈၆၃	၃၂၆၉	၂၈၉၂	-	၁၉၅၁	-	၃၁၀၀	၄၅၃၄	-	-	၄၅၉၆
၁၂	အုန်းသီး	-	၇၄၉	၂၂၅၅	-	၂၀၇၁	-	၁၅၉၀	-	၁၉၅၄	-	-	၂၅၄၅

ဇယား (၂) - စားသောက်ကုန်အချို့၏ နိုင်ငံများအလိုက် ရေကုန်ကျမှုများ (m^3 $tonne^{-1}$)

စဉ်	အမျိုးအမည်	အမေရိကန်	တရုတ်	အိန္ဒိယ	ရုရှား	အင်ဒိုနီးရှား	ဩစတြေးလျ	ဘရာဇီး	ဂျပန်	မက္ကဆီကို	အီတလီ	နယ်သာလန်	တစ်ကမ္ဘာလုံးပျမ်းမျှ
၁	ကော်ဖီ (အစို)	၄၈၆၄	၆၂၉၀	၁၂၁၈၀	-	၁၇၆၆၅	-	၁၃၉၇၂	-	၂၈၁၁၉	-	-	၁၇၃၇၃
၂	ကော်ဖီ (လှော်ပြီး)	၅၇၉၀	၇၄၈၈	၁၄၅၀၀	-	၂၁၀၃၀	-	၁၆၆၃၃	-	၃၃၄၇၅	-	-	၂၀၆၈၂
၃	လက်ဖက်ခြောက် (အချို)	-	၁၁၁၁၀	၇၀၀၂	၃၀၀၂	၉၄၇၄	-	၆၅၉၂	၄၉၄၀	-	-	-	၉၂၀၅
၄	အမဲသား	၁၃၁၉၃	၁၂၅၆၀	၁၆၄၈၂	၂၁၀၂၈	၁၄၈၁၈	၁၇၁၁၂	၁၆၉၆၁	၁၁၀၁၉	၃၇၇၆၂	၂၁၁၆၇	၁၁၆၈၁	၁၅၄၉၇
၅	ဝက်သား	၃၉၄၆	၂၂၁၁	၄၃၉၇	၆၉၄၇	၃၉၃၈	၅၉၀၉	၄၁၈၁	၄၉၆၂	၆၅၅၉	၆၃၇၇	၃၇၉၀	၄၈၅၆
၆	ဆိတ်သား	၃၃၀၈၂	၃၉၉၄	၅၁၈၇	၅၂၉၀	၄၅၄၃	၃၈၃၉	၄၁၇၅	၂၅၆၀	၁၀၂၅၂	၄၁၈၀	၂၇၉၀	၄၀၄၃
၇	သိုးသား	၅၉၇၇	၅၂၀၂	၆၆၉၂	၇၆၂၁	၅၉၅၆	၆၉၄၇	၆၂၆၇	၃၅၇၁	၁၆၈၇၈	၇၅၇၂	၅၂၉၈	၆၁၄၃
၈	ကြက်သား	၂၃၈၉	၃၆၅၂	၇၇၃၆	၅၇၆၃	၅၅၄၉	၂၉၁၄	၃၉၁၃	၂၉၇၇	၅၀၁၃	၂၁၉၈	၂၂၂၂	၃၉၁၈
၉	ကြက်ဥ	၁၅၁၀	၃၅၅၀	၇၅၃၁	၄၉၁၉	၅၄၀၀	၁၈၄၄	၃၃၃၇	၁၈၈၈၄	၄၂၇၇	၁၃၈၉	၁၄၀၄	၃၃၄၀
၁၀	နွားနို့	၆၉၅	၁၀၀၀	၁၃၆၉	၁၃၄၅	၁၁၄၃	၉၁၅	၁၀၀၁	၈၁၂	၂၃၈၂	၈၆၁	၆၄၁	၉၉၀
၁၁	နို့မှုန့်	၃၂၃၄	၄၆၄၈	၆၃၆၈	၆၂၅၃	၅၃၁၇	၄၂၅၅	၄၆၅၄	၃၇၇၄	၁၁၀၇၇	၄၀၀၅	၂၉၈၂	၄၆၀၂
၁၂	ဒိန်ခဲ	၃၄၅၇	၄၉၆၃	၆၇၉၃	၆၆၇၁	၅၆၇၅	၄၅၄၄	၄၉၆၉	၄၀၃၂	၁၁၈၀၅	၄၂၇၈	၃၁၉၀	၄၉၁၄

ဇယား(၃) - စားသောက်ဖွယ်ရာ၊ ဖျော်ယမကာနှင့် ပစ္စည်းအချို့အတွက် ကုန်ကျသောရေပမာဏ

စဉ်	ပစ္စည်းအမည်	ကုန်ကျသည့် ရေပမာဏ(လီတာ)
၁	ကော်ဖီတစ်ခွက် (၂၅၀ မီလီလီတာ)	၂၈၀
၂	လက်ဖက်ရည်တစ်ခွက် (၂၅၀ မီလီလီတာ)	၃၅
၃	နွားနို့တစ်ခွက် (၂၅၀ မီလီလီတာ)	၂၀၀
၄	ပေါင်မုန့်တစ်ချပ် (၃၀ ဂရမ်)	၄၀
၅	ပေါင်မုန့်တစ်ချပ် (၃၀ ဂရမ်)နှင့် ဒိန်ခဲတစ်ချပ်(၁၀)ဂရမ်	၉၀
၆	ဟမ်ဘာဂါတစ်ခု (၁၅၀ ဂရမ်)	၂၄၀၀
၇	အာလူးကြော်တစ်ထုပ် (၂၀၀ ဂရမ်)	၁၈၅
၈	ကြက်ဥတစ်လုံး (၄၀ ဂရမ်)	၁၃၅
၉	ပန်းသီးတစ်လုံး (၁၀၀ ဂရမ်)	၇၀
၁၀	လိမ္မော်သီးတစ်လုံး (၁၀၀ ဂရမ်)	၅၀
၁၁	အာလူးတစ်လုံး (၁၀၀ ဂရမ်)	၂၅
၁၂	ခရမ်းချဉ်သီးတစ်လုံး (၇၀ ဂရမ်)	၁၃
၁၃	ပန်းသီးဖျော်ရည်တစ်ခွက် (၂၀၀ မီလီလီတာ)	၁၉၀
၁၄	လိမ္မော်ဖျော်ရည်တစ်ခွက် (၂၀၀ မီလီလီတာ)	၁၇၀
၁၅	ဘီယာတစ်ခွက် (၂၅၀ မီလီလီတာ)	၇၅
၁၆	ဝိုင်တစ်ခွက် (၁၂၅ မီလီလီတာ)	၁၂၀
၁၇	တီရှပ်တစ်ထည် (ချည်ထည်)(၂၅၀ ဂရမ်)	၂၀၀၀
၁၈	သားရေဘွတ်ဖိနပ်တစ်ရန်	၈၀၀၀
၁၉	A-4 စက္ကူတစ်ရွက် (၈၀ gm^{-2})	၁၀
၂၀	မိုက်ခရိုချစ်ပ်တစ်ခု (၂ ဂရမ်)	၃၂

ဓမ္မဒူတမောင်မယ် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

မိဘ၊ ဆရာ၊ ကျောင်းသားဟူသည့် တြိဂံပညာရေးစနစ်ဖြင့် ယနေ့ပညာရေး လောကကိုပိုင်းဝန်းမြှင့်တင်ကြရန်ဟူသည့် ရည်ရွယ်ချက်များကို ပေါက်မြောက်အောင်မြင်စေရန်အတွက် တိုးပွားလာသည့် ကျောင်းသားဦးရေနှင့် လိုအပ်သည့် ကျောင်းဆောင်များ၊ သင်ထောက်ကူပစ္စည်းများလှူဒါန်းပေးသည့် ဓမ္မဒူတမောင်မယ် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးမြင့်စိုးနှင့် ဓမ္မဒူတမောင်မယ်အလှူရှင် မောင်ဥက္ကာဟိန်းတို့က ဓမ္မဒူတမောင်မယ် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဓမ္မဒူတကျောင်းဆောင်သစ်၏ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အသင်္ချာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဓမ္မဒူတမောင်မယ် အဖွဲ့ဝင်တစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် မှတ်တမ်းများကို တိုင်းဒေသကြီးပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဓမ္မဒူတမောင်မယ် ကျောင်းဆောင်သစ်သည် အလျား ၁၄၄ ပေ၊ အနံ ၃၃ ပေ၊ အမြင့် ၂၂ ပေ၊ သံကူကွန်ကရစ် နှစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ပရိဘောဂများအပါအဝင် ငွေကျပ်သိန်းပေါင်း ၁၅၀၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြောင်းမြ၌ စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်

မြောင်းမြ ဩဂုတ် ၂၈

စပါးခင်းများအတွင်း ငါးမွေးမြူခြင်းဖြင့် လယ်ကွင်းတစ်နေရာတည်းမှ စပါးနှင့်ငါး တစ်ပြိုင်တည်းရရှိစေနိုင်သည့်အပြင် ကျေးလက်နေပြည်သူများ၏ တစ်ပိုင်တစ်နိုင် စားနပ်ရိက္ခာဖူလုံစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိရာ စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၃ ရက် ညနေပိုင်းက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု လယ်သမားဦးရာဟုလုံး၏ ပေါင်းစည်းလယ်ယာ ၁၂၃ ဧက စပါးစိုက်ခင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

မျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ငါးရှဉ့်ထောင် ရေလုပ်သားများ၊ ဒေသခံတောင်သူများက အရွယ် ၃ စင်တီမီတာအောက်ရှိ ငါးရှဉ့်ကောင်ငယ် ၆၀၀၀ ကို စပါးခင်းများအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ ချေးငွေများပေးအပ်

ရန်ကုန် ဩဂုတ် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်းရှိ လက်လုပ်လက်စားများအား မြို့နယ်အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းက ငွေထုတ်ချေးခြင်းအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးအသင်း ဥက္ကဋ္ဌတို့က ငွေစုငွေချေးလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားပြီး ငွေချေးသူ ၇၁၅ ဦးအား ငွေကျပ် ၂၁၅ သိန်း ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

မြန်မာ့အလင်း

မှုခင်းသတင်း

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

လက်ပံတန်း ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီခွဲခန့်က မြို့တွင်းဘက်မှ ကျွန်းကလေးဘက်သို့ သာယာဝတီမြို့ သုံးဒေါင့်ကန် ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာနေသူ မြင့်သိန်း (ဘ) ဦးကျော်တင့် အသက် (၄၄)နှစ် မောင်းနှင်လာသည့် ဒရင်းအမျိုးအစား အစိမ်းရောင်မော်တော်ဆိုင်ကယ်နှင့် ကျွန်းကလေးဘက်မှ မြို့ထဲဘက်သို့ လက်ပံတန်းမြို့ ကျေးနီချောင်းနားရွာနေသူ နေမျိုးလင်း(ဘ) ဦးသန်းဦး အသက် (၁၈)နှစ် မောင်းနှင်လာသည့် လော်ဂျာ အမျိုးအစား အနက်ရောင်မော်တော်ဆိုင်ကယ်တို့ လမ်းမတော်လမ်း လက်ခုပ်ပင် အရောက် မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်များပျက်စီးကာ နှစ်ဦးစလုံး ဒဏ်ရာများ ရရှိသွားကြသည်။ အဆိုပါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဆိုင်ကယ် မဆင်မခြင်မောင်းသူနှစ်ဦးအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(ဝ၉၈)**

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အမှတ် (၅) ရပ်ကွက်၌ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး အသင်းဖွဲ့စည်းပြီး ရပ်ကွက်နေပြည်သူများအား ပံ့ပိုးငွေ ထုတ်ချေးခြင်းအခမ်းအနားကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၁ ရက်က ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်တို့ ပံ့ပိုးငွေများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရေး တာချီလိတ်မြို့နယ်၌ ရှင်းလင်း

တာချီလိတ် ဩဂုတ် ၂၈

တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးကကြီးမှူး၍ လုပ်ငန်းရှင်များအား အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်း လုပ်ငန်းဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းဇော်ဝင်းနှင့် တွဲဖက်မြို့နယ်အခွန်ဦးစီးမှူး ဒေါ်အေးအေးထွန်းတို့က အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ပြီး အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်အခွန်ဦးစီး)**

သာယာဝတီမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

သာယာဝတီ ဩဂုတ် ၂၈

၂၀၁၁ ခုနှစ် သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။ ထိုနေ့က ဗိုလ်လုပွဲအဖြစ် ဈေးသုံးဆယ်ရပ်ကွက် ဘောလုံးအသင်းနှင့် ရေဝေရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဈေးသုံးဆယ်ရပ်ကွက် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ပြိုင်ပွဲအပြီး ဗိုလ်စွဲသွားသော ဈေးသုံးဆယ်ရပ်ကွက် ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားကျပ်တစ်သိန်းနှင့် ပထမတံခွန်စိုက်ဆုတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် အား/ကာ)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ပွင့်ဖြူ၌ လှုပ်ရှားဆောင်ရွက်

ပွင့်ဖြူ ဩဂုတ် ၂၈

ပွင့်ဖြူမြို့နယ် အရှေ့ပိုင်းရပ်ကွက် ဓမ္မာရုံ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဆန်းသူရအောင်သိန်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်နွေးက မိခင်များ အာဟာရအစားအစာများ ချက်ပြုတ်စားသုံးခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ခြောက်လမှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်း၊ သန်ချဆေးများကျွေးခြင်း၊ သံဓာတ်အားဆေးများဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လပွတ္တာ၌ ရှင်းလင်းဆွေးနွေး

လပွတ္တာ ဩဂုတ် ၂၈

လပွတ္တာမြို့နယ် ကြာကန်-ကွင်းပေါက်-ကြိုးဝိုင်းအကွက်အမှတ်(၂၀) ကွကွကလေးသစ်တောစခန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ သစ်တောစခန်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးသစ်တောညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ တိုင်းငါးလုပ်ငန်းဦးစီးမှူး ဦးကျော်လွင်နှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

စုပေါင်းစိုက်ပျိုး

ယင်းနောက် တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီးက စားသုံးသီးပင်များကို အခမဲ့ဖြန့်ဝေပေးပြီးနောက် တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဒီရေတောသမှည့်ကြီးပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ကွမ်းခြံကုန်းမြို့၌ လက်တွေ့သရုပ်ပြ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ပိုင်းရပ်ကွက် ကွင်းအမှတ် (၃၇၀) လယ်သမား ဦးစံထွန်း၏လယ်မြေတွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စနစ်တကျပျိုးထောင်၍ စိုက်ပျိုးထားသည့် ဧက ၃၀ စံပြစိုက်ခင်း၌ စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုနှင့်စပ်လျဉ်း၍ တောင်သူများအား လက်တွေ့ပြသ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက်ကကျင်းပရာ တောင်သူလယ်သမားများတက်ရောက်ကြည့်ရှုလေ့လာကြသည်။

လက်တွေ့လေ့လာ

ပညာပေး ဆွေးနွေးသရုပ်ပြပွဲတွင် မြို့နယ်မန်နေဂျာ ဦးဝင်းထိန်က စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်(၅)ရပ်နှင့်အညီ စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက်ကို ရှင်းလင်းဆွေးနွေးပြီး တောင်သူဦးစံထွန်းက လယ်မြေဧက ၃၀ ပေါ်တွင် သိပ္ပံနည်းကျစိုက်ပျိုးထားခြင်းဖြင့် မျိုးစေ့ကုန်ကျမှု သက်သာကာ တစ်ဧက တင်း ၁၀၀ နှုန်းထွက်ရှိရန် သေချာမှုရှိကြောင်း ရှင်းလင်းပြသခဲ့သည်။ ထို့နောက် တက်ရောက်လာသော တောင်သူများက သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးထားသည့် စပါးခင်းများ၏ အပင်ပွားစည်းမှု အခြေအနေများကို လက်တွေ့လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ဆေးထိုးပေး

ဩဂုတ် ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာ အောင်သန်းဝင်း ဦးဆောင်သော ဝန်ထမ်းများနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့တို့ ပူးပေါင်း၍ ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွား တိရစ္ဆာန်များအား ကာကွယ်ဆေးထိုးပေးကြစဉ်။ (မြန်မာ့အလင်း)

သွေးသည် အသက်

ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းသင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဩဂုတ် ၂၈

၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းသင်တန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

လက်ခံယူ

ထို့နောက် ရပ်ကွက်၊ ကျေးရွာ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် မြို့နယ်ပညာရေးမိသားစုတို့မှ စုပေါင်းလှူဒါန်းကြသော စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၅ သိန်းကျော်အား မြို့နယ်ပညာရေးမှူး ဦးတင်မင်းနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(အငြိမ်းစား) ဒေါ်ညွန့်ညွန့်ရီနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းသင်တန်းရှစ်ခု ဖွင့်လှစ်လျက်ရှိရာ ကျောင်းပြင်ပ မူလတန်းကျောင်းသား ကျောင်းသူ ၁၆၈ ဦးတို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၆၅)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မျက်နှာသစ်လူငယ်လက်ရွေးစင်များ၏ အားပြိုင်မှုကိုကြည့်ရှုရမည့် AFF U-19 Championship 2011 ဘောလုံးပြိုင်ပွဲ

သတင်းမှတ်စု-စိုးမိုး (IBC)

ရန်ကုန် ဩဂုတ် ၂၈

နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်အသင်းကြီး၏ အနေအထားအပေါ် အားမလိုအားမရ ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ကြသော မြန်မာဘောလုံးပရိသတ်များ အနေဖြင့် ဘောလုံးရသအသစ်ကို ခံစားခွင့်ရရှိရန် နိုင်ငံတကာဘောလုံးပြိုင်ပွဲ တစ်ခု လာမည့်စက်တင်ဘာလအတွင်း စတင်ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲမှာ အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးပြီး မြန်မာနိုင်ငံက စက်တင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFF U-19 Championship 2011 ဘောလုံးပြိုင်ပွဲ ဖြစ်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယခုနှစ်ပြိုင်ပွဲတွင် အခြား အာရှထိပ်သီးအသင်းများနှင့် လက်ရှိချန်ပီယံ ဩစတြေးလျအသင်းတို့ မပါဝင်ဘဲ အာဆီယံဒေသတွင်းမှ ၁၀သင်းသာပါဝင်မည်ဖြစ်သည်။ထို့အပြင် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နောက်တစ်ကြိမ်ကျင်းပမည့် အာရှနှင့် ကမ္ဘာ့အဆင့် ယူ-၂၀ ဘောလုံးပြိုင်ပွဲများတွင် အာဆီယံအသင်းများ ပါဝင်ယှဉ်ပြိုင်ခွင့်ရနိုင်ရေးမျှော်မှန်းပြီး ယခင်ကျင်းပခဲ့သည့် အာဆီယံ ယူ-၂၀ ဘောလုံးပြိုင်ပွဲအား အသက်တစ်နှစ်လျှော့ချကာ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲအဖြစ် ယခုနှစ်မှ စတင်ကာ ပြောင်းလဲကျင်းပသဖြင့် ထူးခြားသည့်ပြိုင်ပွဲ ဖြစ်သည်။

အသက်(၁၉)နှစ်အောက် လူငယ်များသာ ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်၍ ကစားအား၊ သက်လုံ၊ ကြံ့ခိုင်မှုနှင့် လျင်မြန်မှုရှိပြီး ပွဲစဉ်တိုင်းက သွက်လက်ကြည့်ကောင်းနိုင်သည်။ အသင်းတိုင်းက မိမိတို့အသင်းရလဒ်ကောင်းစေရန် အပြိုင်အဆိုင် ပြင်ဆင်လာကြမည်မှာ သေချာသောကြောင့် မည်သည့်ပွဲမျှ အလွယ်တကူ အဖြေမထွက်နိုင်လောက်ပေ။ ထိုအချက်ကပင် ပွဲစဉ်တိုင်းအကြိတ်အနယ်ရှိပြီး ပရိသတ်ကို ဆွဲဆောင်စေနိုင်သည်ဟု ယုံကြည်မိပါကြောင်း။ **(မြန်မာ့အလင်း)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ကျွမ်းဘားလေ့ကျင့်ရေးစခန်း၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ကျွမ်းဘားအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာ့လက်ရွေးစင် ကျွမ်းဘားအဖွဲ့သည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများအတွက် ဩဂုတ် ၂၄ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံကူမင်းမြို့ရှိ ကျွမ်းဘားလေ့ကျင့်ရေး စခန်း၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် ယမန်နေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ပူးတွဲလေ့ကျင့်မည်

မြန်မာ့လက်ရွေးစင် ကျွမ်းဘားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝေလင်းအောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးမြင့်အောင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်)၊ အမျိုးသမီးအုပ်ချုပ်သူအဖြစ် ဒေါ်နီနီအောင်(တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်)၊ နည်းပြအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ကေသီလှိုင်၊ အားကစားသမားများအဖြစ် အောင်ခန့်ဇော်နှင့်ချောစုဆုစံတို့ လိုက်ပါသွားကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူချောင်းမြို့တွင် သင်တန်းတက်ရောက်နေသည့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများဖြစ်ကြသော သီဟ၊ ဇင်လင်းအောင်၊ အိမ့်ချောချောသူ၊ မေသဥ္ဇာ၊ နေခြည်စုစုလတ်တို့ကလည်း ကူမင်းမြို့တွင် လာရောက် ပူးတွဲလေ့ကျင့်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AFF ယူ-၁၉ ချန်ပီယံရှစ် (၂၀၁၁) ဘောလုံးပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၂၈

AFF ယူ-၁၉ ချန်ပီယံရှစ် (၂၀၁၁) ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားကွင်း၌ စက်တင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပွဲစဉ်ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်-

အုပ်စု (က)	အုပ်စု (ခ)
ထိုင်း	မြန်မာ
စင်ကာပူ	အင်ဒိုနီးရှား
ဖိလစ်ပိုင်	လာအို
မလေးရှား	ဗီယက်နမ်
ကမ္ဘောဒီးယား	ဘရူနိုင်း

ရက်စွဲ	အသင်း	အချိန်
၈-၉-၂၀၁၁	လာအို - အင်ဒိုနီးရှား	၃း၃၀
	ဘရူနိုင်း - ဗီယက်နမ်	၆း၁၀
၉-၉-၂၀၁၁	ဖိလစ်ပိုင် - စင်ကာပူ	၃း၃၀
	ကမ္ဘောဒီးယား - မလေးရှား	၆း၁၀
၁၀-၉-၂၀၁၁	ဗီယက်နမ် - မြန်မာ	၃း၃၀
	ဘရူနိုင်း - လာအို	၆း၁၀
၁၁-၉-၂၀၁၁	မလေးရှား - ထိုင်း	၃း၃၀
	ကမ္ဘောဒီးယား - ဖိလစ်ပိုင်	၆း၁၀
၁၂-၉-၂၀၁၁	မြန်မာ - ဘရူနိုင်း	၃း၃၀
	အင်ဒိုနီးရှား - ဗီယက်နမ်	၆း၁၀
၁၃-၉-၂၀၁၁	ထိုင်း - ကမ္ဘောဒီးယား	၃း၃၀
	စင်ကာပူ - မလေးရှား	၆း၁၀
၁၄-၉-၂၀၁၁	ဘရူနိုင်း - အင်ဒိုနီးရှား	၃း၃၀
	လာအို - မြန်မာ	၆း၁၀
၁၅-၉-၂၀၁၁	ကမ္ဘောဒီးယား - စင်ကာပူ	၃း၃၀
	ဖိလစ်ပိုင် - ထိုင်း	၆း၁၀
၁၆-၉-၂၀၁၁	ဗီယက်နမ် - လာအို	၃း၃၀
	အင်ဒိုနီးရှား - မြန်မာ	၆း၁၀
၁၇-၉-၂၀၁၁	မလေးရှား - ဖိလစ်ပိုင်	၃း၃၀
	စင်ကာပူ - ထိုင်း	၆း၁၀
	အကြိုဗိုလ်လုပွဲ	
၁၉-၉-၂၀၁၁	အုပ်စု(က)ပထမ-အုပ်စု(ခ)ဒုတိယ	၃း၃၀
	အုပ်စု(ခ)ပထမ -အုပ်စု(က)ဒုတိယ	၆း၁၀
၂၁-၉-၂၀၁၁	**တတိယနေရာလုပွဲ**	၃း၃၀
	ဗိုလ်လုပွဲ	၆း၁၀

မြန်မာ့လက်ရွေးစင် ရေကူးအသင်း ပူးတွဲလေ့ကျင့်ရန် တရုတ်နိုင်ငံသို့ သွားမည်

ရန်ကုန် ဩဂုတ် ၂၈

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်အောင်မြင်စွာ ရွှေတံဆိပ်များဆွတ်ခူးနိုင်ရန်အတွက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများဖြစ်ကြသော ရေကူးအားကစားနည်းတွင် ရဲမြင့်ဟိန်း၊ သီဟအောင်၊ ဇင်မောင်ထက်၊ မင်းသုခ၊ တင်ကျော်လင်း၊ အိအိသက်၊ နန်းခမ်းမြတ်ခြူးနှင့် ကေဇင်ဝင်း၊ ဒိုင်ဗင်အားကစားနည်းတွင် နောင်ဂျာခိုင်၊ မောင်ကြည်၊ ပြည့်ဖြိုးပိုင်၊ ဇွဲသက်ဦး၊ စိုးစန္ဒာညွန့်နှင့် ဟေမာနွယ်၊ အသင်းခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်သန္တာစိုး၊ အုပ်ချုပ်သူ ရေကူးအဖွဲ့ချုပ်စကားပြန် ဒေါ်သန်းသန်းမြင့်၊ နည်းပြ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Hung Shao Hua နှင့် Gui Hioa Seng တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့၌ စက်တင်ဘာ ၃ ရက်မှစ၍ တစ်လခွဲကြာ ပူးတွဲလေ့ကျင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

မောင်မောင်မြင့်ဆွေ-ရေးသားသည်

မန်ယူတို့ စံချိန်တင် ရှစ်ဂိုးသွင်းယူ အာဆင်နယ်တို့ ဖရိုဖရဲရှုံးနိမ့်ခဲ့

လန်ဒန် ဩဂုတ် ၂၈

ပရီမီယာလိဂ်ပွဲစဉ် (၃)အဖြစ် မန်ယူနှင့် အာဆင်နယ်တို့ ဩဂုတ် ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူတို့က ရှစ်ဂိုး-နှစ်ဂိုးဖြင့် စံချိန်တင် ဂိုးများသွင်းယူကာ တန်းစီဇယားကို ဦးဆောင်ခဲ့ပြီဖြစ်သည်။

ဟက်ထရစ်

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၂ မိနစ်၌ ဝဲလ်ဘတ်ကသွင်းယူပေးခဲ့သည်။ မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့ရာ ၂၈ မိနစ်၌ ယန်းကတစ်ဂိုး၊ ၄၁ မိနစ်နှင့် ၆၄ မိနစ်တို့၌ အလွတ်တည်ကန်ဘောများမှတစ်ဆင့် ရွှန်နေ **(အပေါ်ယာပုံ)**က နှစ်ဂိုးနှင့် ၈၂ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ရွှန်နေကပင်တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ရွှန်နေ ဟက်ထရစ်ရယူနိုင်ခဲ့သည်။



သွင်းယူပေး

အာဆင်နယ်တို့ ကစားကွက်ပျက်နေခဲ့ရာမှ ၆၇ မိနစ်၌ နာနီ၊ မိနစ် ၇၀ ၌ ပက်ဂျီဆန်၊ ၉၁ မိနစ်၌ ယန်းတို့က ဂိုးများသွင်းယူခဲ့သဖြင့် မန်ယူတို့ ရှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အတွက် ချေပဂိုးနှစ်ဂိုးကို ၄၈မိနစ်၌ ဝေါ့ကော့သ်နှင့် ၇၄ မိနစ်၌ ဗန်ပါစီတို့က သွင်းယူပေးခဲ့သော်လည်း အာဆင်နယ်တို့ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်

နယူးကာဆယ်	၂ - ၁	ဖူလ်ဟမ်
စပါး	၁ - ၅	မန်စီးတီး
ဝက်စ်ဘရွန်း	၀ - ၁	စတုတ်

(မြန်မာ့အလင်း)

နိုင်ငံတကာမျက်မြင် နိုင်ငံတကာမျက်မြင်

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီယောင်အက် တေးအယ်လ်ဘမ် ဖြန့်ချီမည်

မောင်ချစ်ကြည် ရေးသားသည်

ဆိုးလ် ဩဂုတ် ၂၈

အသက်၂၆နှစ် အရွယ်သာရှိသေးသည့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီယောင်အက်* (ယာပုံ) *သည် Love is အမည်ရှိ တေးစီးရီးကို အာရှနိုင်ငံအချို့၌ မကြာခင်မှာ ဖြန့်ချိတော့မည်ဖြစ်သည်။

၎င်း တေးအယ်လ်ဘမ်ကို ၂၀၁၀ခုနှစ်က ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့အပါအဝင် အခြားနိုင်ငံအချို့ကို ဖြန့်ဖြူးခဲ့ရာ ပရိသတ်များ နှစ်ခြိုက်အားပေးခဲ့ကြသည်။ ထို့ကြောင့် စင်ကာပူ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် အာရှနိုင်ငံအချို့သို့ သူမ၏ တေးအယ်လ်ဘမ်ကို ဖြန့်ချိရန် စီစဉ်နေခြင်းဖြစ်သည်။

လီယောင်အက်သည် အသက် ၁၉နှစ်အရွယ်မှ စတင်ကာ အက်စ်ဘီအက်စ် ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့သော I Love You ဇာတ်လမ်းတွဲဖြင့်စတင်ကာ သရုပ်ဆောင်မင်းသမီး ဖြစ်လာခဲ့သူဖြစ်သည်။ ထို့နောက် Wedding? Golden Apple ဇာတ်ကားများ၌ အောင်မြင်မှုရရှိခဲ့ကာ ရုပ်ရှင်ဇာတ်ကားများ ဆက်တိုက်ရိုက်ကူးနေသူဖြစ်သည်။ ယခုအခါ တီဘီအေရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်မည့် Birdy Buddie ဇာတ်ကားကို ရိုက်ကူးနေပြီး တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ မကြာမီ ထုတ်လွှင့်မည်ဖြစ်သည်။ *(အင်တာနက်)*

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

နေပြည်တော် ဩဂုတ် ၂၈

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများစာရင်းကို သက်ဆိုင်ရာက ဩဂုတ် ၂၇ရက်က ထုတ်ပြန်ကြေညာသည်။

လူ့ဘောင်ပြည့်ရွာသာယာရေး စာတတ်မြောက်ရေးကြိုးပမ်းပေး ခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ လက်ထောက်စာတည်း ဒေါ်သင်းသင်းဦး(ရှိန်းမြသင်း)၊ ဒုတိယဆု ပုသိမ်တက္ကသိုလ် မြန်မာစာဌာန(ကထိက) ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး-မြန်မာစာ)နှင့် တတိယဆု ဦးသန်းမင်းထိုက် (သန်းမင်းထိုက်-မြန်မာစာ)တို့ရရှိကြသည်။

ဆင်းရဲမှုလျှော့ကျရေး စာတတ်မြောက်ရေးကြိုးပမ်းပေးခေါင်းစဉ်ဖြင့် ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု တောင်ငူပညာရေးကောလိပ်မှ DTEd (ပထမနှစ်)ကျောင်းသူ မအိအိဖြူ၊ ဒုတိယဆု မိတ္ထီလာပညာရေးကောလိပ်မှ DTEd (ဒုတိယနှစ်) ကျောင်းသူ မမေအဥ္စလီကျော်နှင့် တတိယဆု မော်လမြိုင်ပညာရေးကောလိပ်မှ DTEd (ပထမနှစ်) ကျောင်းသူ မချယ်ရီခိုင်တို့ ရရှိကြသည်။

ပညာမြင့်မှ လူမျိုးတင့်မည် ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု မွန်ပြည်နယ် ချောင်းဆုံ သင်္ဂြိုဟ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အဌမတန်းကျောင်းသား မောင်ထက်ဝေယံမျိုး၊ ဒုတိယဆု ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မရတနာသွန်းဖြိုးနှင့် တတိယဆု မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြတ်ကေသွယ်တို့ ရရှိကြသည်။

ငယ်စဉ်အခါ ပညာရှာ ခေါင်းစဉ်ဖြင့် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆု ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်သန့်စင်ထိုက်၊ ဒုတိယဆု မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမဥ္ဇူနောင်နှင့် တတိယဆု ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆဌမတန်းကျောင်းသူ မနှင်းထက်ထက်နိုင်ဝင့်တို့ ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) ညနေထက်နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်(မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၈

ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ရွှေပြည်သာမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများက ဖွင့်လှစ်ပြီးသော စာကြည့်တိုက်များရှင်သန်ရေး၊ အချိန်မှန်ဖွင့်လှစ်ရေး၊ သတင်းစာနှင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့အတွက် ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီက အမှတ်(၁၉) ရပ်ကွက် လင်းရောင်ခြည်စာကြည့်တိုက်တွင် ကွင်းဆင်းဆွေးနွေးဆောင်ရွက်သည်။ (အပေါ်ပုံ)

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်များ စံ (၅)ချက်နှင့် ညီညွတ်ရေး၊ ရေရှည်ရှင်သန်ခိုင်မာရေးကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာ့အလင်းစာကြည့်တိုက် ဆားလင်းကြီးမြို့နယ်၌ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျိုင်းခမောက်ကျေးရွာအုပ်စု ကျွန်းဖိုပင်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်နှင့် မန္တလေးမြို့နေ ကမ္ဘာကဖေးဆိုင် အလှူရှင် ဦးမျိုးသန့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသော စုစုပေါင်း ငွေကျပ် ၇၀၂၂၀၀ တန်ဖိုးရှိ ပရိဘောဂ၊ ရေဒီယိုနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် စာကြည့်တိုက်မှူး ဦးစိန်ပေါတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁၄)ကြိမ်မြောက် PRE-SEADECK RATING TRAINING COURSE သင်တန်းဆင်းပွဲကို ဩဂုတ် ၁၂ ရက်က အမှတ်(၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

အဆို၊ အက အရေး၊ အတီးပြိုင်ပွဲ ပခုက္ကူခရိုင်၌ဖွင့်

ပခုက္ကူ ဩဂုတ် ၂၈

၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပေးအပ်ချီးမြှင့်

အဆိုပါပြိုင်ပွဲသို့ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ညပိုင်းတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ရီရီမေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

ရွှေကူမြို့နယ်၌ ပေါင်းစည်းလယ်ယာအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကူ ဩဂုတ် ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ငါးသယံဇာတများ မျိုးပြုန်း ပျောက်ကွယ်မှုမရှိစေရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ကျေးလက်နေတောင်သူများ ငါးစားသုံးမှု ပိုမိုတိုးတက်ပြီး စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီသာစံပြကျေးရွာအတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ကျေးလက်နေ တောင်သူများက စီသာစံပြကျေးရွာနေ တောင်သူ ဦးအုန်းလှိုင်၏ ကွင်းအမှတ်(၂၇)၊ (၂၈) စံပြပေါင်းစည်းလယ်ယာမြေ ဧက ၅၀ ရှိ စပါးခင်းအတွင်းသို့ ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မှုခင်းသတင်း

ကျပ်သိန်း ၁၈၀ကျော်တန်ဖိုးရှိ ငွေနှင့် ရွှေထည်ပစ္စည်း အဒေါ်ဖြစ်သူအိမ်မှ တူဖြစ်သူခိုးယူ

ဒလ ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်တွင်နေသည့် အဒေါ်ဖြစ်သူအိမ်မှ ငွေကျပ် သိန်း ၁၈၀ ကျော်တန်ဖိုးရှိငွေနှင့် ရွှေထည်ပစ္စည်းများခိုးယူခဲ့သူ တူဖြစ်သူအား ဩဂုတ် ၂၂ရက်က ဖမ်းမိသည့် အမှုတစ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ဒေါ်စန္ဒာအောင်မှာ နေအိမ်နှင့်တံခါးများအား သော့ခတ်ပြီး ခင်ပွန်း၊ သားငယ်နှစ်ဦးနှင့်အတူ အုံ့ကြီးအနောက်ရပ်ကွက်ရှိ ယောက္ခမအိမ်သို့ သွားရောက်ခဲ့သည်။ ညနေ ၄ နာရီခန့်တွင် မိမိနေအိမ်ပြန်လာပြီး တံခါးဖွင့်ဝင်ခဲ့ရာ အိမ်အတွင်း သစ်သားဗီရိုတံခါး ကျိုးပဲ့ကာ ငွေနှင့်ရွှေထည်ပစ္စည်းထည့်ထားသော ခရီးဆောင်အိတ်ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ဒလမြို့ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဒလမြို့နယ်ရဲတပ်ဖွဲ့မှ မသင်္ကာသူများကို စုံစမ်းရာ ၎င်းတို့အနက် တရားလို ဒေါ်စန္ဒာအောင်၏တူ အုံ့ကြီးကျေးရွာနေ ချစ်အေးလွင် ၂၂ နှစ် (ဘ) ဦးစိုးလွင်၏ သွားလာတတ်သည့် နေရာများအား စုံစမ်းစစ်ဆေးစဉ် ဩဂုတ် ၂၂ ရက်ညနေပိုင်းက တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက်၌ ချစ်အေးလွင်အား ခိုးရာပါပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ချစ်အေးလွင် ရောင်းချထားခဲ့သော ရွှေများကို ၂၉ လမ်း ရွှေဆိုင်တစ်ဆိုင်မှ သွားရောက်သိမ်းဆည်းပြီး ဒလမြို့နယ်ရဲစခန်းက အမှုအားတရားစွဲတင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ခွေးကိုက်ခံရ၍ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှုဖြစ်

ညောင်ဦး ဩဂုတ် ၂၈

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ ကန်တိကျေးရွာတွင် ခွေးကိုက်ခံရခြင်းကို အကြောင်းပြု၍ ခိုက်ရန်ဖြစ်ပွားရာမှ လူသေဆုံးမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက်ည ၁၀ နာရီခန့်က ထိုကျေးရွာနေ ကိုအောင်ကျော်လတ်ဆိုသူသည် လမ်းလျှောက်လာခဲ့ရာ ဦးအောင်ဘော်၏ ခွေးကိုက်လိုက်သည်ကို မကျေနပ်၍ အောင်ကျော်လတ်က ခွေးရှင်ဖြစ်သူ ဦးအောင်ဘော်ကို လေးခွနှင့် ပစ်လိုက်သဖြင့် ဘယ်ဘက်နားထင် ထိမှန်သွားခဲ့သည်။ ၎င်းနောက် ဦးအောင်ဘော်မူးပြီး လဲကျသွားသဖြင့် သမီးများဖြစ်ကြသော မချိုတူးနှင့် မပုလဲတို့က ထူမပွေ့ချီနေစဉ် သားဖြစ်သူ ကိုဇော်ဝမ်း အသက် (၃၉)နှစ်က နွားစာကျွေး နေရာမှပြေးလာ၍ ဝါးဆစ်ပိတ်တုတ်ဖြင့် ရိုက်လိုက်ပြီး တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ရိုက်ကြစဉ် မချိုတူးနှင့် မပုလဲတို့က လာရောက်ဖျန်ဖြေလိုက်သည့်အတွက် ရန်ပွဲပြီးသွားကာ ကိုအောင်ကျော်လတ် အိမ်ပြန်သွားသည်။ ကိုအောင်ကျော်လတ် အိမ်ရောက်သည်နှင့် နောက်ကျောအောင့်သည်ဆိုပြီး အိပ်ရာထဲဝင်အိပ်သည်။ ထို့နောက် နံနက် ၂ နာရီထိုးခန့်တွင် ကိုအောင်ကျော်လတ် သေဆုံးသွားသည်။ ထိုဖြစ်စဉ်ကို ငါ့သရောက်ရဲစခန်းသို့ အကြောင်းကြားရာ ရဲအုပ်သိန်းဝင်းနှင့် ဒုတိယရဲအုပ်အောင်ကိုလတ်တို့အဖွဲ့လိုက်လာပြီး သေသူကို ငါ့သရောက်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ကိုအောင်ကျော်လတ်မှာ ညာဘက်နံရိုးကျိုးပြီး ဘေလုံးကိုထိမိရာမှ ဘေလုံးကွဲ၍ သွေးထွက်လွန်သေဆုံးခဲ့ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးနေကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဟောပြော

မုဒုံ ဩဂုတ် ၂၈

မုဒုံမြို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ၂၀၁၁ လှုပ်ရှားမှုဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အထက (၁) ရှင်အရဟံခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများကို ဝေငှပြီးနောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၈

အထက (၁) ကြည့်မြင်တိုင်တွင် ဩဂုတ်၂၄ ရက်က ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ကွန်ပျူတာ တစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက်နေ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်မောင်ထွေး-ဒေါ်မေမြင့်သိန်း၊ ကိုအောင်နိုင်ဝင်း-မမိုးသဇင်မြင့်၊ သမီးငယ် မယဉ်ယဉ်မာမိသားစုက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၀၄၂)**



အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သာစည်ပင်မဓာတ်အားခွဲရုံ (Switch Yard) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာစည်နှင့် သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး သာစည် ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံ၍ ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ လျှပ်စစ်နှင့်ပတ်သက်သည့် ပြည်သူ့လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးရေး၊ ဝန်ထမ်းကောင်းပီသစွာနေထိုင်ရေး၊ မခိုမကတ်ကြိုးပမ်းလုပ်ဆောင်ရေးတို့ကို မှာကြားပြီး ဓာတ်အားခွဲရုံ (Switch Yard) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံအတွင်း Control Room ၌ Computer စနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လကမ္ဘာလေ့လာရေးယာဉ် နှာဆာစေလွှတ်မည်။ စာ/၄

ဇလွန်မြို့နယ်တွင် မွေးဖွားသည့် သုံးမြွှာပူး။ စာ/၆

နိုင်ငံခြားခရီးသွားများ ပလက်ဖောင်းပန်းချီ စိတ်ဝင်စား။ စာ/၆

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး လီယောင်အက်တေးအယ်လ်ဘမ် ဖြန့်ချိမည်။ စာ/၁၁



နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

စပိန်လာလီဂါပွဲစဉ် ဗလင်စီယာတို့ အိမ်ကွင်း၌ နိုင်ပွဲရ

ဗလင်စီယာနှင့် ရေဆင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။

မက်ဒရစ် ဩဂုတ် ၂၈

စပိန်လာလီဂါပွဲစဉ်များကို ဩဂုတ် ၂၈ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဗလင်စီယာနှင့် ရေဆင်းတို့ပွဲတွင် ဗလင်စီယာက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗလင်စီယာတို့ အိမ်ကွင်း၌ ညှိသည် ရေဆင်းကို ခက်ခက်ခဲခဲကစားခဲ့ရသည်။ ဗလင်စီယာအတွက် အဖွင့်ဂိုးကို ပွဲအစ တစ်မိနစ်မှာပင် ဆိုလ်ဒါဒိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ပွဲချိန် ၆ မိနစ်၌ ဆိုလ်ဒါဒိုက ဘောလုံးရှင်းထုတ်ရင်း ကိုယ့်ဂိုးကိုယ် ပြန်သွင်းသလို ဖြစ်သွားသဖြင့် ရေဆင်းတို့ ချေပဂိုး လက်ဆောင်ရရှိခဲ့သည်။ ပွဲချိန် ၁၄ မိနစ်၌ ရေဆင်းကစားသမား အကော့စတာက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း၌ ရေဆင်းတို့က နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၆ မိနစ်၌ ရေဆင်းမှ ဂွန်ဇာလက်ဇ်က တစ်ဂိုးသွင်းယူလိုက်သဖြင့် ရေဆင်းတို့ သုံးဂိုးရရှိခဲ့သည်။

နှစ်ဂိုးဆက်တိုက်

သို့သော် ပွဲချိန် ၅၇ မိနစ်၌ ဗလင်စီယာမှ ရာမီက ချေပဂိုးပြန်သွင်းယူခဲ့ပြီး ၈၈ မိနစ်နှင့် မိနစ် ၉၀ တို့၌ ဆိုလ်ဒါဒိုက တစ်ဦးတည်းနှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဗလင်စီယာတို့ လေးဂိုး-သုံးဂိုးဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်များ၌ ဂရာနာဒါအသင်းက ရီးရဲဘက်တစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး စပို့တင်းဂီဂျွန်က ရီးရဲဆိုစီဒက်ကို တစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ *(အင်တာနက်)*

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ ဦးနှောက် ထိခိုက်ခဲ့

လန်ဒန် ဩဂုတ် ၂၈

ပရီမီယာလိဂ်ပွဲစဉ် (၃)အဖြစ် ဩဂုတ် ၂၇ ရက်က ချယ်လ်ဆီးနှင့်နော့ဝှစ်တို့ပွဲတွင် နော့ဝှစ်ဂိုးသမားဂျွန်ရုဒ်ဒီနှင့် ထိခိုက်မိပြီး မြေပြင်သို့သတိလက်လွတ်ကျသွားခဲ့သော တိုက်စစ်မှူးဒရော့ဘာသည် ခုနစ်မိနစ်ခန့် မေ့မြောနေခဲ့သဖြင့် ဘောလုံးကွင်းအတွင်းမှ ဆေးရုံသို့တင်ပို့ကုသခဲ့ရာ ဦးနှောက်အနည်းငယ်ထိခိုက်ခဲ့ကြောင်း သိရှိရသည်။ ယခုအခါ သက်သာလာသဖြင့် ဆေးရုံမှ ပြန်ဆင်းလာခဲ့ပြီဖြစ်သည်။ သို့သော် ရက်အနည်းငယ်ကြာ အနားယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲ ရစ်ချက်ဆင် ဗိုလ်စွဲ

ဒေဂူ ဩဂုတ် ၂၈

ဒုတိယဆုရ လူစင်း ပထမဆုရ ရစ်ချက်ဆင်

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်က ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ အမေရိကန်တန်းကျော်ပြေးသမား ရစ်ချက်ဆင်က ၁၃ ဒသမ ၁၉ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ အမျိုးသားမီတာ ၁၁၀ တန်းကျော် ပြေးပွဲ အိုလံပစ်ချန်ပီယံနှင့် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သည့် တရုတ်မှ လူစင်းက ၁၃ ဒသမ ၂၀ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ တစ်ဖန် အမေရိကန်တန်းကျော် အပြေးသမား ဒေးဗစ်အိုလီဗာက ၁၃ ဒသမ ၂၇ စက္ကန့်ဖြင့် တတိယရရှိခဲ့ပြီး ကျူးဘားမှ ဒေရွန်ရိုဘလက်စ်က ၁၃ ဒသမ ၄၂ စက္ကန့်ဖြင့် စတုတ္ထရရှိခဲ့သည်။

ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ

အမျိုးသား ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၌ ရုရှားမှ ဘိုရာချန်က ၁နာရီ ၁၉ မိနစ် ၅၆စက္ကန့်ဖြင့် ပထမရရှိပြီး ထပ်မံ၍ ရုရှားမှ ဗလာဒီမာကာနေကင်က ၁ နာရီ ၁၉ မိနစ် ၂၅ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ကိုလံဘီယာမှ ဖာနန်ဒိုလိုပက်စ်က ၁ နာရီ ၂၀ မိနစ် ၃၈ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ***(အင်တာနက်)***

လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ ကလီဗာလီနဲ့ ဘီလ်လူးတို့ ထိုးသတ်မည်

လန်ဒန် ဩဂုတ် ၂၈

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ရဲ့ လိုက်ဖ်ဟဲဗီးဝိတ် ချန်ပီယံဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ နာသန်ကလီဗာလီနဲ့ ဧနေသဟာယ လိုက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ တိုနီဘီလ်လူးတို့ဟာ လာမယ့် အောက်တိုဘာ ၁၅ရက်မှာ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်တော့မှာ ဖြစ်ပါတယ်။

၂၂ ပွဲ အနိုင်ရထား

နာသန်ကလီဗာလီဟာ အသက် ၂၄ နှစ်အရွယ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၂၂ ပွဲမှာ ၂၂ ပွဲစလုံး အနိုင်ရရှိထားသူ ဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ တိုနီဘီလ်လူးကတော့ ဗြိတိန်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လက်ဝှေ့ပွဲ ၁၆ပွဲ ထိုးသတ်ခဲ့ရာမှာ ၁၆ ပွဲစလုံးအနိုင်ရထားသူ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာဖြစ်ပါတယ်။

(အင်တာနက်)